# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၅ရက်၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၁၃ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၄၃)


| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး |
| * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး | * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး | * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |



## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
## တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကိုနှင့်တွေ့ဆုံ

**နေပြည်တော်　　စက်တင်ဘာ　　၁၂**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုအား စက်တင်ဘာ ၉ရက် ညနေ ၃နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
## တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ
## ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့်တွေ့ဆုံ

**နေပြည်တော်　　စက်တင်ဘာ　　၁၂**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်နှင့် စက်တင်ဘာ ၉ရက် ညနေ ၄နာရီ ၁၀မိနစ်တွင် ပေကျင်းမြို့ရှိ ဝန်ကြီးချုပ်ရုံး ကျုံးနန်းဟိုင်ဧည့်ခန်းမ (Zhongnanhai) ၌ တွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❍



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က ပေကျင်းမြို့ရှိ ဝန်ကြီးချုပ်ရုံး ကျုံးနန်းဟိုင် ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၃ ရက်)

# တရုတ်-မြန်မာချစ်ကြည်ရေး တိုးမြှင့်ဖော်ဆောင် နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ပိုမိုဖြစ်ထွန်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်း၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စက်တင်ဘာလ ၈ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ခန်းမ၌ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များနှင့်ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ချစ်ကြည်ရေးခရီးစဉ်၏ အဓိကရည်ရွယ်ချက်သည် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် အပြန်အလှန်နားလည်မှု၊ ခင်မင်ရင်းနှီးသည့် အိမ်နီးချင်းဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းမှုများ အရှိန်အဟုန်ဖြင့် ဆက်လက်မြှင့်တင်ရေးဖြစ်သည်။

မြန်မာနှင့်တရုတ်သံတမန်ဆက်ဆံရေး စတင်တည်ထောင်ခဲ့စဉ်မှစ၍ နှစ်ပေါင်း ၆၀ အတွင်း နှစ်နိုင်ငံအကြားတွင် တန်းတူညီတူရှိမှု၊ စာနာထောက်ထားမှု၊ အပြန်အလှန်နားလည်မှုများစွာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် ကာလကြာရှည်စွာ ရပ်တည်နိုင်ခဲ့ပြီး တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့်နိုင်ငံများအနက် တတိယအကြီးဆုံး နိုင်ငံဖြစ်သည်။

**နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ တွေ့ဆုံဆွေးနွေးပွဲတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက** "မိမိတို့အနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy)ကို အပြည့်အဝနားလည်ပြီး အစဉ်အမြဲ အခိုင်အမာထောက်ခံပါကြောင်း၊ ဆက်လက်၍လည်း ထောက်ခံသွားမည်ဖြစ်၍ မြန်မာနိုင်ငံအတွက် ပြောင်းလဲမှုမရှိသောရပ်တည်ချက်လည်းဖြစ်ပါကြောင်း" **ထည့်သွင်းပြောကြားခဲ့သည်။**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာဟူကျင်ထောင်းကလည်း** "တရုတ်-မြန်မာဆက်ဆံရေး ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်လျက်ရှိခြင်းမှာ မဟာဗျူဟာမြောက်ရှုထောင့်မှ စဉ်းစားရှုမြင်၍ ရေရှည်အကျိုးရှိအောင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ကြခြင်းကြောင့် ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများအပေါ် မိတ်ဆွေကောင်းများအဖြစ် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားရေးမူဝါဒကို အခြေခံထား၍ မြန်မာ-တရုတ်ချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ ထိုမူဝါဒသည် မည်သည့်အခါမျှ ပြောင်းလဲမှုမရှိသည့် မူဝါဒဖြစ်ပါကြောင်း" **ထည့်သွင်းပြောကြားခဲ့သည်။**

**မြန်မာနှင့်တရုတ်တို့သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုတိုးတက်ဖြစ်ထွန်းလျက်ရှိပြီး ရှေးပဝေသဏီကပင် နှစ်နိုင်ငံပြည်သူများ ကူးလူးဆက်ဆံခဲ့ကြသည်။ နှစ်နိုင်ငံအကြား တည်ငြိမ်အေးချမ်းစွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး နက်ရှိုင်းသည့် ဆွေမျိုးပေါက်ဖော်များအဖြစ်ဆက်ဆံခဲ့ကြသည်။**

**သို့ဖြစ်ပါ၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ပေးသည့်အပြင် နက်ရှိုင်းသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုဖြစ်ထွန်းစေသည့် ခရီးစဉ်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။** ။

## ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြဝတီရုပ်မြင်သံကြား

၁၃-၉-၂၀၁၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **တောရဆောက်တည် လယ်တီအစ**
- ၇:၂၀ ၄။ ဓမ္မပူဇာတေး
- ၇:၂၅ ၅။ မျိုးချစ်တပ်မတော်
- ၇:၃၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၅ ၇။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၅ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄:၃၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၆။ စိုက်ပျိုးသုတ
- ၄:၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅:၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၃၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးသောက်ကြယ်** (အပိုင်း-၁၇ )
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၂။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၆)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ Talk of the Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဉ္စလက်ပုံရိပ်** (အပိုင်း-၁၄)
- ၂၄။ **Mini Series**

## နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား

## တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် စက်တင်ဘာ၈ရက်က မုံရွာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းမှူး**(ယာပုံ)**သည် တာဝန်ရှိသူတို့နှင့်အတူ အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကာ ဆက်လက်၍ ခင်းကျင်းပြသထားသော နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆုရစာစီစာကုံး၊ ပန်းချီနှင့်ပိုစတာများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





## စပေါင်းတမန်နှိုး ပေါင်းနုတ်ပွဲ

## ကျုံပျော်မြို့နယ် မျိုးစေ့ထုတ်စိုက်ကွင်း၌ ကျင်းပ

**ကျုံပျော် စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျုံပျော်မြို့နယ်ရှိ စပါးအထူးပြုကုမ္ပဏီ Delta ကုမ္ပဏီက တောင်သူဦးအောင်မင်းထွန်းနှင့် အကျိုးတူပူးပေါင်း စိုက်ပျိုးထားသော ဆင်းသုခ မျိုးသန့် (၁)(ရေဆင်း) ရှစ်ဧကရှိ မျိုးစေ့ထုတ် စိုက်ကွင်းတွင် စပေါင်းတမန်နှိုး၊ ပေါင်းနုတ်ပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲဝင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး မြို့နယ်မန်နေဂျာ ဦးစိုးဦး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ Delta အထူးပြုကုမ္ပဏီမှ ဒါရိုက်တာများ၊ ရှယ်ယာအဖွဲ့ဝင်များနှင့် တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

## ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ကော့မှူးမြို့နယ်၌ဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်တွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲကကြီးမှူး၍ မြို့နယ်အတွင်းရှိ မဲရုံများမှ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၃၀ရက် မွန်းတည့် ၁၂နာရီက မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမျိုးသန့်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသင်းရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသင်းရွှေက အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသော ဥပဒေအရာရှိ ဦးစောမောင်၊ မြို့နယ်ပညာရေးမှူးဒေါ်ယဉ်ရွှေ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး ဦးဝင်းတင်တို့က ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၏ လုပ်ဆောင်ရမည့် လုပ်ငန်းများရှင်းလင်းပြောကြားပြီး မဲပေးပုံများကို သရုပ်ပြသခဲ့ကြောင်းနှင့် အဆိုပါသင်တန်းသို့ သင်တန်းသား ၃၅၄ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေတွင်း၊ လမ်း၊ တံတား သံကူကွန်ကရစ်ကြမ်းခင်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၈ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည်နှင့် ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးထွန်းဝေတို့ ကွင်းဆင်းစစ်ဆေးရာ စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူးဦးအောင်သန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ဆွေအေးတို့ ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)





* ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Yang Jiechi၊ အမျိုးသားပြည်သူ့ကွန်ဂရက် ပြည်ပဆက်သွယ်ရေးကော်မတီ ဒုတိယအကြီးအကဲ Mr. Cha Beixin၊ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ လက်ထောက်အတွင်းရေးမှူး Mr. Cao Weizhou၊ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ လက်ထောက်အထွေထွေအတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် Mr. Sun Wei၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

## အမြင်ချင်းဖလှယ်

ယင်းသို့တွေ့ဆုံရာ၌ သံတမန်ဆက်ဆံမှုထူထောင်ခဲ့သည့် နှစ်ပေါင်း(၆၀)အတွင်း နှစ်နိုင်ငံအကြား ဆက်ဆံရေးအရှိန်အဟုန် တဖြည်းဖြည်းတိုးတက်ဖြစ်ပေါ်လာရာမှ မဟာဗျူဟာမြောက် ဆက်ဆံရေးအခြေအနေအထိ ရောက်ရှိခဲ့မှု၊ ထိုဆက်ဆံရေးအခြေအနေကောင်းများကို အစဉ်အဆက်ထိန်းသိမ်းသွားမည့် အခြေအနေ၊ နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့်လုပ်ငန်းများ မြန်ဆန်စွာအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံ၏ရွေးကောက်ပွဲအတွက် စနစ်တကျ အဆင့်လိုက်ဆောင်ရွက်နေမှုအခြေအနေနှင့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ချက်ကိုအခြေခံ၍ လွတ်လပ်ပြီးတက်ကြွသည့် နိုင်ငံခြားရေးမူဝါဒချမှတ်ကာ အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း၊ နိုင်ငံတကာနှင့်လည်းကောင်း၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်းကောင်း ငြိမ်းချမ်းစွာ ချစ်ချစ်ခင်ခင်ပေါင်းသင်းဆက်ဆံပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နှစ်နိုင်ငံ အရှိန်အဟုန်မပျက် မဟာဗျူဟာမြောက် ဆက်ဆံရေးဆက်လက်ဖော်ဆောင်ရေးအတွက် စွမ်းအင်ကဏ္ဍလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေးစီမံကိန်းလုပ်ငန်း၊ ရေအားလျှပ်စစ်ကဏ္ဍလုပ်ငန်း၊ စက်မှုကဏ္ဍလုပ်ငန်းများ၊ ကျောက်ဖြူမှ ရွှေလီသို့ ရထားလမ်းနှင့် ကားလမ်းဖောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းများအပါအဝင် နှစ်နိုင်ငံ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုက ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)



○ ရှေ့ဖုံးမှ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီးဦးစိုးသာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr.Yang Jiechi၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Chen Deming၊ အမျိုးသားစွမ်းအင်စီမံခန့်ခွဲရေးဝန်ကြီးဌာန ဝန်ကြီး Mr. Zhang Guobaa၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

### ဆွေးနွေး

ယင်းသို့ တွေ့ဆုံဆွေးနွေးရာ၌ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ၌ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များတွင် နှစ်နိုင်ငံ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ အမြဲတမ်းပူးပေါင်းရပ်တည်ဆောင်ရွက်သွားမည့်အခြေအနေ၊ ရွှေလီ-ကျောက်ဖြူကားလမ်း၊ ရထားလမ်းဖောက်လုပ်မှုနှင့် ကျောက်ဖြူဆိပ်ကမ်း တည်ဆောက်ရေးဆိုင်ရာများ၊ မြန်မာနိုင်ငံစက်မှုကဏ္ဍ ထူထောင်ရာတွင် ကူညီဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမဖြစ်ရေး ပူးပေါင်းထိန်းသိမ်း ဆောင်ရွက်သွားမည့်အခြေအနေ၊ မြန်မာနိုင်ငံမှ ဘဏ်လုပ်ငန်းများ တရုတ်နိုင်ငံတွင် ဖွင့်လှစ်ဆောင်ရွက်ရေး အခြေအနေနှင့် တရုတ်ကုမ္ပဏီများ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် အားပေးကူညီမည့် အခြေအနေများကို ဆွေးနွေးကြသည်။

### ကြိုဆို

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ပေကျင်းမြို့မှ ရှန်ဟိုင်းမြို့သို့ တရုတ်အထူးလေယာဉ်ဖြင့် ထွက်ခွာကြပြီး ညပိုင်းတွင် ရောက်ရှိကြရာ ရှန်ဟိုင်းမြို့ ဒုတိယမြို့တော်ဝန် Mr. Aibaojun နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

### တည်ခင်းဧည့်ခံ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရှန်ဟိုင်းမြို့ ဒုတိယမြို့တော်ဝန်က Radisson Plaza Xing Guo Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ရှီးကျောင်းနိုင်ငံတော်ဧည့်ဂေဟာ(Xi Jiao State Guest Hotel)သို့ ရောက်ရှိ ရပ်နားကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်တို့ ပေကျင်းမြို့ရှိ ဝန်ကြီးချုပ်ရုံး ကျုံးနန်းဟိုင် ဧည့်ခန်းမ၌ တွေ့ဆုံကြစဉ်။** (သတင်းစဉ်)

## မိုးရွာသွန်းလေသမျှ

၁၂-၉-၂၀၁၀

| | |
|---|---|
| ဗမော်မြို့ | ၇ ဒသမ ၈၈ လက်မ |
| နေပြည်တော် | ၆ ဒသမ ၀၀ လက်မ |
| သံတွဲမြို့ | ၅ ဒသမ ၂၄ လက်မ |
| ပြင်ဦးလွင်မြို့ | ၄ ဒသမ ၀၀ လက်မ |
| ကျောက်ပန်းတောင်းမြို့ | ၃ ဒသမ ၆၇ လက်မ |
| ကျောက်ဆည်မြို့ | ၃ ဒသမ ၀၄ လက်မ |
| ကျောက်ဖြူမြို့ | ၂ ဒသမ ၈၀ လက်မ |
| ခရမ်းမြို့ | ၂ ဒသမ ၇၆ လက်မ |
| မာန်အောင်မြို့ | ၂ ဒသမ ၇၂ လက်မ |
| တောင်တွင်းကြီးမြို့ | ၂ ဒသမ ၀၁ လက်မ |
| မြင်းခြံမြို့ | ၁ ဒသမ ၅၈ လက်မ |
| ချောက်မြို့ | ၁ ဒသမ ၅၀ လက်မ |

# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ပုသိမ်၌ရှင်းလင်းဟောပြော၊ လက်တွေ့သရုပ်ပြ

ပုသိမ် စက်တင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများသို့ ကူးစက်ပိုးမွှားများနှင့် သွေးလွန်တုပ်ကွေးရောဂါများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် Super Bio Power Bio Product Group မှ ဇီဝသဘာဝဆေးရည်ဖြင့် ပိုးမွှားများပပျောက်စေရန် ဆောင်ရွက်နိုင်မှု ဟောပြောရှင်းလင်းပွဲနှင့် သရုပ်ပြပွဲကို စက်တင်ဘာ ၈ရက် နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**သရုပ်ပြ**

ရှေးဦးစွာ Diamond Leo Production Co., Ltd. မှ ပညာရှင် ဦးစံလင်းက ဇီဝသဘာဝဆေးရည်ဖြင့် အညစ်အကြေးနှင့် အနံ့ဆိုးများပပျောက်ရေး၊ ကူးစက်ရောဂါပိုးမွှားများကင်းစင်ရေး အကျိုးအာနိသင်များကို ရှင်းလင်းဟောပြော၍ သရုပ်ပြပွဲကို ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် လူထုကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းမှ ဦးဝင်းမြင့်က ဇီဝသဘာဝဆေးရည်ဖြင့် အညစ်အကြေးနှင့် ရေဆိုးများ ချေဖျက်နိုင်မှုနှင့် ကူးစက်ရောဂါပိုးမွှားများကင်းစင်ပပျောက်မှု၊ ရေဆိုးရေညစ်များမှ ရေကောင်းရေသန့်များဖြစ်ပေါ်မှု စသည့် အကျိုးအာနိသင်များ ရရှိမှုကို ရှင်းလင်းတင်ပြခဲ့ကြောင်းနှင့် အထက်တန်းကျောင်းရှိ ယင်လုံအိမ်သာများ၊ ပတ်ဝန်းကျင်ရှိ ရေမြောင်းများကို ဆေးရည်များဖျန်းခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)(ခရိုင် ပြန်/ဆက်)**







**ကြည့်ရှုအားပေး** ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ထနောင်းတိုင်ကျေးရွာ၌ မိုးစပါး စုပေါင်းမြေသြဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ရောဝတီတံတား(ပခုက္ကူ)တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၂

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက ငါန်းဇွန်မြို့နယ် ရွာသစ်ကျေးရွာရှိ တောင်သူတစ်ဦး၏ ငွေချည်(၆)ချည်မျှင်ရှည်ဝါ စုပေါင်းစိုက်ကွက်သို့ရောက်ရှိရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။**

ဆက်လက်၍ ကျောက်တလုံးကျေးရွာ ကျောက်တလုံးလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ငါန်းဇွန်မြို့နယ်ရှိ တိုင်းရင်းမြန်မာပရဆေး စိုက်ကွင်းခြံသို့ ရောက်ရှိပြီး ဆေးစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြင်းခြံမြို့နယ် သစ်ရုံကျေးရွာတွင် စိုက်ပျိုးထားရှိသော ပဲစင်းငုံနှင့် မြေပဲစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးသည်။ ဆက်လက်၍ ထနောင်းတိုင်ကျေးရွာ၌ မိုးစပါး စုပေါင်း မြေသြဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဗိုလ်ချုပ်မြင့်စိုးနှင့် အဖွဲ့ဝင်များသည် မြင်းခြံမြို့ မြို့တွင်းလမ်းများ သန့်ရှင်းသပ်ရပ်ကောင်းမွန်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးပြီး ညောင်ဦး-မြင်းခြံလမ်း တိုးချဲ့နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

**မိုးစပါးစိုက်ပျိုးမှု**

ထို့နောက် ဗိုလ်ချုပ်မြင့်စိုးသည် တောင်သာမြို့နယ် တစ်မိုက်သာကျေးရွာ၌ မိုးစပါး စိုက်ပျိုးပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်မြင့်စိုးသည် ရောဝတီတံတား(ပခုက္ကူ)တည်ဆောက်ရေး စီမံကိန်း ညောင်ဦးဘက်ကမ်း (လက်ပန်ခြေပေါ်) ရှင်းလင်းဆောင်သို့ ရောက်ရှိကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အလင်းသစ်စာကြည့်တိုက်ဖွင့်ပွဲ ကျောက်ကြီးမြို့နယ်၌ ကျင်းပ

**ကျောက်ကြီး စက်တင်ဘာ ၁၂**

တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် တောပုကျေးရွာအုပ်စု ရွှေပြည်သာကျေးရွာ အလင်းသစ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၆ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပရာ စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ဦးမြင့်ဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)**

**ရှင်းလင်းပြောကြား**

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး နော်လော်မူက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်ကျော်က စာကြည့်တိုက်ဆောက်လုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**လက်ခံယူ**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး၊ ဓာတ်ပုံကျွမ်းကျင် (၂)နှင့် အခြားအလှူရှင်တို့က စာအုပ်မျိုးစုံ ၃၃၀ကို လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**



# မော်လမြိုင်မြို့နယ် အမှတ်(၆)အထက၌ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ရက်က အဆိုပါကျောင်းရှိ ရတနာမွန်ခန်းမ၌ကျင်းပရာ ကျောင်းအကျိုးတော်ဆောင် ဦးခင်ရွှေ၊ လက်ထောက်ပြည်နယ် (စစ်ဆေးရေး)ပညာရေးမှူး ဦးစံငွေနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဝေတို့က အမှာစကားပြောကြားကြပြီး ကျောင်းအတွက် လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုလွှာများကို ပေးအပ်သည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက်၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် ထူးချွန်ဆုရ တက္ကသိုလ်ဝင်တန်းစာမေးပွဲမှ ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ငါးဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၈ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၁ဦး ၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၂ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၂ဦးနှင့် အတန်းလိုက်ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား လက်ထောက်ပြည်နယ်ပညာရေးမှူး (စစ်ဆေးရေး) ကျောင်းအုပ်ဆရာမကြီး **(အောက်ပုံ)**၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းအမှုဆောင်များ၊ မိဘများ၊ အလှူရှင်များက ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**ရန်ကုန် စက်တင်ဘာ ၁၂**

မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ မြောင်းမြမြို့နယ် ကြာဖူးငုံကျေးရွာအုပ်စု တံတားကူးကျေးရွာရှိ သဘာဝရေပြင်အတွင်းသို့ ငါးသားပေါက်များ မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို သြဂုတ် ၃၀ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ မြောင်းမြခရိုင် ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းနောင်နှင့် ဝန်ထမ်းများ၊ ကြာဖူးငုံကျေးရွာ အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံတောင်သူများက ငါးမြစ်ချင်းကောင်ရေ ၆၀၀၀၀၊ ငါးခုံးမကြီး ကောင်ရေ ၄၀၀၀၀၊ ငါးရှဉ့်ကောင်ရေ ၂၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၀၂၀၀၀တို့ကို တံတားကူးကျေးရွာ သဘာဝရေပြင်၊ ရေရိုးနှင့် ဆက်စပ်နေသော ရေကြီးရေလျှံကွင်းများသို့ ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ဟင်္သာတ အထက(၄)၌ ကျင်းပ

**ဟင်္သာတ စက်တင်ဘာ ၁၂**

ဟင်္သာတမြို့ အမှတ်(၄) အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို အထက (၄)ဘုရင့်နောင်ခန်းမ၌ စက်တင်ဘာ ၇ရက် မွန်းလွဲ ၁နာရီက ကျင်းပရာ ဟင်္သာတခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးခင်မောင်မြင့်၊ ဟင်္သာတခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့ တာဝန်ခံအရာရှိ ရဲအုပ်ဇော်ဇော်နှင့် ဖိတ်ကြားထားသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အထက(၄)ကျောင်းအုပ်ကြီး ဦးကျော်မြင့်က အသိပညာပေးဟောပြောပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး **(ယာပုံ)** ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဦးစီးမှူး ဦးအောင်ဝင်းက ယာဉ်စည်းကမ်းအကြောင်း သိကောင်းစရာများနှင့် မြို့နယ် ဥပဒေအရာရှိ ဦးခင်မောင်မြင့်က ဥပဒေအကြောင်း သိကောင်းစရာများ၊ ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်ဇော်ဇော်၊ ဒုတိယရဲအုပ်ထွန်းမောင်ချိုတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်း သိကောင်းစရာများနှင့် လိုက်နာရမည့်အချက်များကို ရုပ်ပုံကားချပ် များနှင့် ရှင်းလင်းဟောပြော ဆွေးနွေးကြသည်။ (၁၇၇)






# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့်

## အားကစားဝန်ကြီးဌာန ဘောလုံးအသင်းအား ဂုဏ်ပြု

**နေပြည်တော် စက်တင်ဘာ ၁၂**

၂၀၁၀ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းအား ဂုဏ်ပြုသည့် အခမ်းအနားကို စက်တင်ဘာ ၁၀ရက် ည ၇ နာရီက နေပြည်တော်အားကစားဝန်ကြီးဌာနရှိ စုပေါင်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဘောလုံးအသင်းအုပ်ချုပ်သူက အသင်းဖွဲ့စည်းလေ့ကျင့်ခဲ့မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဆက်လက်၍ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများက ဆွတ်ခူးရရှိခဲ့သော ပထမဒိုင်းဆု၊ ဆင့်ပွားဒိုင်းနှင့် အသန့်ရှင်းဆုံးဆုဖလားတို့ကို ဝန်ကြီးထံ အပ်နှံကြသည်။

ယင်းနောက် ဝန်ကြီးက အသင်းအတွက်နှင့် နည်းပြများအတွက် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် အသင်းခေါင်းဆောင်က ကျေးဇူးတင်စကားပြောကြားပြီး ဝန်ကြီးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျိုက်လတ်မြို့နယ်၌ ကျင်းပ

**ကျိုက်လတ် စက်တင်ဘာ ၁၂**

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ရက်က ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာ ဧကတစ်ထောင် စံပြစိုက်ကွင်းရှိ စပါးခင်းများအတွင်း ကျင်းပသည်။

### မျိုးစိုက်ထည့်ပေး

အခမ်းအနားသို့ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်၊ ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးမြင့်စိုး၊ ကျိုက်လတ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သန်းဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမြင့်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများ တက်ရောက်ကြပြီး ငါးခုံးမကောင်ရေ ၁၅၀၀၀၀ ကျော်ကို ငါးမျိုးစိုက်ထည့်ပေးကြကြောင်း သိရသည်။

**(အောက်ပုံ) (၁၃၈)**





# Junction Centre (Maw Tin) ရှိ Junction Cineplex ၌ ရုပ်ရှင်အကြိုပြသ

**ရန်ကုန် စက်တင်ဘာ ၁၂**

Junction Centre (Maw Tin) ရှိ Junction Cineplex ၌ ရုပ်ရှင်အကြိုပြသပွဲကို စက်တင်ဘာ ၁၁ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လမ်းသစ်လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ အဆိုပါ Junction Centre (Maw Tin)၌ ပြသရာ တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ Junction Centre (Maw Tin) သည် ကမ္ဘာ့အဆင့်အတန်းမီနည်းစနစ်များပေါင်းစပ်ထားသော တစ်မူထူးခြားသည့် Shopping Centre ဖြစ်သည်။

Junction Centre (Maw Tin) အဆောက်အအုံသည် လေးထပ်အဆောက်အအုံဖြစ်ကာ ပထမထပ်တွင် City Mart Supermarket ကမ္ဘာ့အဆင့်အတန်းမီ Branded အိတ်၊ ဖိနပ်၊ မျက်မှန်နှင့် အရသာကောင်းမွန်သော ကော်ဖီဆိုင်များ၊ ဒုတိယထပ်တွင် ကမ္ဘာ့အဆင့်အတန်းမီ လူငယ်ကြိုက်ဖက်ရှင် အဝတ်အထည်ဒီဇိုင်းအသစ်အဆန်းများ၊ တတိယထပ်တွင် လူသုံးကုန်ပစ္စည်းများ၊ ကလေးများအတွက် အသုံးအဆောင်များနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ အသားအရေ ထိန်းသိမ်းမှုနှင့် အလှပြုပြင်ရေးဆိုင်များပါရှိပြီး စတုတ္ထထပ်တွင် လူကြီး၊ လူငယ်များပါ ကစားနိုင်သော ကစားကွင်း၊ လူမျိုးဘာသာမရွေး စားသုံးနိုင်သော စားသောက်ဆိုင်များနှင့် Junction Cineplex ပါရှိသည်။

ယင်း Cineplex တွင် ရုပ်ရှင်ရုံနှစ်ရုံပါရှိကာ ရုပ်ရှင်ရုံတစ်ရုံလျှင် ခုံ ၂၂၀ ပါဝင်၍ ရုံနှစ်ရုံအတွက် လူဦးရေ ၄၆၀ ဝင်ဆံ့သည့်အပြင် မြန်မာနိုင်ငံတွင် ပထမဦးဆုံး Shopping Centre နှင့် တွဲလျက် ရုပ်ရှင်ရုံပါရှိသော တစ်မူထူးခြားသည့် တစ်ခုတည်းသော Cineplex ဖြစ်သည်။

### ကြည့်ရှုနိုင်

ရုပ်ရှင်ရုံ အတွင်းတွင် အမြဲတမ်းသင်းပျံ့နေစေရန် Auto Air Fresher System များ တပ်ဆင်ထားခြင်းကြောင့် ရုပ်ရှင်ကြည့် ပရိသတ်အနေဖြင့် သင်းပျံ့သော ရနံ့ကိုခံစားစေနိုင်သည်။ Junction Cineplex တွင် အသုံးပြုသော ထိုင်ခုံများမှာ နိုင်ငံတကာအဆင့်မီ ထိုင်ခုံများဖြစ်၍ သက်သောင့်သက်သာရှိပြီး ထိုင်ခုံလက်တန်းများကိုအရှင်တပ်ဆင်ထားသဖြင့် လက်တန်းများကိုမပြီး Couple Seat အနေဖြင့် အဆင်ပြေစိတ်အေးချမ်းစွာ ကြည့်ရှုနိုင်သည်။

ရုပ်ရှင်လက်မှတ်ဈေးနှုန်းမှာ ငွေကျပ် ၁၅၀၀၊ ၂၀၀၀၊ ၂၅၀၀နှင့် ၆၅၀၀ တို့ဖြင့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

Junction Centre (Maw Tin) ရှိ Junction Cineplex ကို စက်တင်ဘာ ၁၇ရက်မှ စတင်၍ နေ့စဉ်ပွဲစဉ် ငါးပွဲဖြင့် မြန်မာရုပ်ရှင်နှင့် နိုင်ငံခြားရုပ်ရှင်ကားများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အဖွဲ့ပိုင်ဈေးများအတွင်းရှိ ဈေးဆိုင်များတွင် အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးခြင်းကို ဩဂုတ် ၁၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



# ဝေဟင်မှ မောင်းသူမဲ့လေယာဉ်တွေ

**သတင်းမှတ်စု - မိုးမြင့်လင်းလက် ရေးသားသည်**

*ဝေဟင်မှာ ရုတ်တရက်မြင်လိုက်ရတဲ့ လေယာဉ်တစ်စင်းကြောင့် ပါကစ္စတန်နိုင်ငံမြောက်ပိုင်းနယ်စပ် ယာကုတ်ကျေးရွာမှာ နေထိုင်ကြတဲ့ ဒေသခံတွေဟာ အပြေးအလွှားနဲ့ ပုန်းခိုရာနေရာကို ပြေးလွှားနေချိန်မှာပဲ အဲဒီလေယာဉ်မှ ပစ်ခတ်လိုက်မှုကြောင့် ရွာသားခြောက်ဦး သေဆုံးသွားခဲ့ပါတယ်။ ဒါက စက်တင်ဘာ ၉ ရက်နံနက် ၈နာရီမှာ ဖြစ်ပွားတာဖြစ်ပြီး လေယာဉ်ကတော့ အမေရိကန်တို့ရဲ့ မောင်းသူမဲ့လေယာဉ်ပဲ ဖြစ်ပါတယ်။*

### ပါကစ္စတန်

*အာဖဂန်နစ္စတန်နဲ့ ထိစပ်နေတဲ့ ပါကစ္စတန်နိုင်ငံမြောက်ပိုင်း နယ်စပ်ဒေသကို အမေရိကန် မောင်းသူမဲ့လေယာဉ်တွေဟာ မကြာခဏဖြတ်ကျော်ဝင်ရောက်ပြီး တိုက်ခိုက်မှုတွေ ပြုလုပ်နေတာမို့ သေဆုံးခဲ့ရတဲ့ ပါကစ္စတန်ပြည်သူတွေဟာ ၂၀၁၀ ခုနှစ်အတွင်း ၁၃၀ ခန့်ရှိပြီလို့ဆိုပါတယ်။ အာဖဂန်နစ္စတန်မှာ အခြေချတပ်ဖြန့်ထားတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေဟာ ပါကစ္စတန် နယ်စပ်ကျေးရွာတွေမှာရှိတဲ့ လက်နက်ကိုင် တိုက်ခိုက်ရေးသမားတွေကို ပစ်မှတ်ထားပြီး ပစ်ခတ်တိုက်ခိုက်တယ်လို့ဆိုပေမယ့် တကယ်တမ်းထိခိုက်သေဆုံးမှုကတော့ အပြစ်မဲ့ကျေးရွာသားတွေပဲ ဖြစ်ပါတယ်။*

### မောင်းသူမဲ့လေယာဉ်

*အမေရိကန် မောင်းသူမဲ့လေယာဉ်တွေဟာ အဝေးထိန်းစနစ်၊ ပစ်မှတ်ရှာဖွေတဲ့စနစ်၊ မောင်းနှင်မှုစနစ်နဲ့ ပစ်ခတ်တိုက်ခိုက်မှုစနစ်တွေ ထည့်သွင်းထားတာမို့ လေယာဉ်မှူးတွေ လိုက်ပါစရာမလိုဘဲ ပစ်မှတ်ကို ရှာဖွေတိုက်ခိုက်တဲ့ လေယာဉ်တွေဖြစ်ပါတယ်။ မောင်းသူမဲ့လေယာဉ်တွေကို ဒုတိယကမ္ဘာစစ်အတွင်းမှာကတည်းက ရန်သူ့နယ်မြေဝေဟင်ပိုင်နက်အတွင်းဝင်ရောက်ပြီး သူလျှိုထောက်လှမ်းတဲ့ ကိစ္စတွေမှာ အသုံးပြုခဲ့ခြင်းဖြစ်ပါတယ်။ ဒီနေ့ခေတ်မှာတော့ မောင်းသူမဲ့လေယာဉ်တွေကို သူလျှိုလုပ်ငန်းတွေအပြင် တိုက်ခိုက်ရေးတွေမှာပါ ပူးတွဲအသုံးပြုလာခြင်းပဲ ဖြစ်ပါတယ်။*

### အာဖဂန်နစ္စတန်

*အမေရိကန်တို့ဟာ ပါကစ္စတန်နယ်စပ်ဒေသမှာ လက်နက်ကိုင် တိုက်ခိုက်ရေးသမားတွေကို ချေမှုန်းဖို့ မောင်းသူမဲ့လေယာဉ်တွေ အသုံးပြုခဲ့သလို အာဖဂန်နစ္စတန်နိုင်ငံရဲ့ တာလီဘန်လက်နက်ကိုင်တွေလှုပ်ရှားရာ ဒေသတွေမှာလည်း မောင်းသူမဲ့လေယာဉ်တွေ အသုံးပြုတိုက်ခိုက်စေခဲ့ပါတယ်။ အာဖဂန်နစ္စတန်မှာ တာလီဘန်တွေကို အထိနာအောင် မစွမ်းဆောင်နိုင်ဘဲ အရပ်သားတွေကိုသာ သေဆုံးထိခိုက်စေခဲ့တာမို့ အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက မောင်းသူမဲ့လေယာဉ်တွေ အသုံးပြုမှုကို ကန့်သတ်သင့်တယ်လို့ ပြောကြားခဲ့ပါတယ်။ အာဖဂန်နစ္စတန်မှာလည်း မောင်းသူမဲ့လေယာဉ်က တိုက်ခိုက်မှုကြောင့် ၂၀၁၀ခုနှစ်အတွင်းမှာ သေဆုံးသူအရပ်သား ၅၀ကျော်ရှိမယ်လို့ ခန့်မှန်းနေကြပါတယ်။*

### အီရန်

*မောင်းသူမဲ့လေယာဉ်တွေကို ခေတ်မီနည်းပညာတွေ ထည့်သွင်းပြီး ထုတ်လုပ်လာခဲ့တာမို့ အခုဆိုရင် အသံတိတ်မြန်နှုန်းမြင့် မောင်းသူမဲ့လေယာဉ်တွေ ထုတ်လုပ်နေပြီဖြစ်ပါတယ်။ ရန်သူရဲ့အနေအထားကို ထောက်လှမ်းဖို့ ရန်သူ့နယ်မြေ ဝေဟင်ပိုင်နက်အတွင်း ဝင်ရောက်ပြီး လူလိုက်ပါခြင်းမရှိဘဲ အန္တရာယ်ကင်းကင်း တိုက်ခိုက်နိုင်ဖို့အတွက် အခုဆိုရင် အီရန်ကလည်း မောင်းသူမဲ့လေယာဉ်တွေ စတင်ထုတ်လုပ်နေပြီဖြစ်ပါတယ်။ အီရန်သမ္မတ အာမက်ဒီနီဂျက်က အီရန်နိုင်ငံဟာ မောင်းသူမဲ့လေယာဉ်တွေ ထုတ်လုပ်နိုင်ပြီလို့ ဩဂုတ် ၂၄ရက်က တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အီရန်နိုင်ငံဟာ "ကာရာ"လို့ အမည်ပေးထားတဲ့ မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ်တစ်စင်းကို ဩဂုတ် ၂၇ရက်က စမ်းသပ်ပျံသန်းပြခဲ့ပါတယ်။ ၁၁၅ကီလိုလေးတဲ့ ဗုံးနှစ်လုံးကို သယ်ဆောင်ပျံသန်းပြီး ပစ်မှတ်ကို တိတိကျကျ ပစ်ခတ်နိုင်ခဲ့တယ်လို့ဆိုပါတယ်။ မောင်းသူမဲ့လေယာဉ် စမ်းသပ်ပျံသန်းမှု၊ တိုက်ခိုက်မှုတွေကို အီရန်နိုင်ငံ ရုပ်မြင်သံကြားက တိုက်ရိုက်ထုတ်လွှင့် ပြသခဲ့ပါတယ်။*

### အစ္စရေး

*အဲဒီလိုပဲ အစ္စရေးတို့ကလည်း မောင်းသူမဲ့လေယာဉ်တွေသုံးပြီး လက်ဘနွန်ရဲ့ ဝေဟင်ပိုင်နက်ထဲ ဝင်ရောက်ထောက်လှမ်း ပျံသန်းမှုတွေ ပြုလုပ်ခဲ့တယ်လို့ လက်ဘနွန်စစ်ဘက်က စက်တင်ဘာ ၉ရက်မှာ ပြောကြားပါတယ်။လက်ဘနွန်နိုင်ငံ ဝေဟင်ပိုင်နက် ၁၀မိုင်ကျော်အထိ ဝင်ရောက်ပျံသန်းခဲ့ပေမယ့် တစ်စုံတစ်ရာ တိုက်ခိုက်မှုမလုပ်ဘဲ ထောက်လှမ်းမှုတွေပဲ ပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။*

*မောင်းသူမဲ့လေယာဉ်တွေကို ခေတ်မီနည်းစနစ်တွေ အသုံးပြုပြီး သူလျှိုထောက်လှမ်းမှုတွေအပြင် တိုက်ခိုက်ရေးလေယာဉ်တွေအဖြစ်ပါ တိုးမြှင့်လာခဲ့ပေမယ့် ပစ်မှတ်လွဲချော်ပြီး အပြစ်မဲ့ပြည်သူတွေ သေဆုံးနေရမှုတွေကို ကမ္ဘာ့သတင်းစာမျက်နှာတွေပေါ်မှာ အထင်အရှားတွေ့နေရဆဲ ဖြစ်ပါကြောင်း။ ။* **(အင်တာနက်)**



*အမေရိကန် မောင်းသူမဲ့လေယာဉ်။*



# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ကျောက်ပန်းတောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၂**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် စက်တင်ဘာ ၁၀ရက်တွင် ညောင်ဦးတပ်နယ်ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ချီးမြှင့်ငွေများကို တာဝန်ရှိသူများထံပေးအပ်ကာ တပ်နယ်မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဗိုလ်ချုပ်မြင့်စိုးသည် မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၁ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

## ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ကျောက်ပန်းတောင်းမြို့နယ် မကျီးတိုင်းကျေးရွာ၌ စပါးစိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦးလမ်း လမ်းပိုင်းအခြေအနေများနှင့် လမ်းဘေးဝဲ/ယာတစ်လျှောက် မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

**နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နေသည့် မန့်ဟောင်းကျေးရွာသွား မြေသားလမ်းအား ကျောက်ချော လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၁၈ရက်က မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ ဦးစိုင်း ကျော်ဟန်ထူးတို့ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်စဉ်။** (၁၂၃)



# မစ္စတာမိုက်ကယ် ဟမ်မီတီပင်သာအား ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဒိန်းမတ်နိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာမိုက်ကယ် ဟမ်မီတီပင်သာအား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာမိုက်ကယ် ဟမ်မီတီပင်သာသည် ၁၉၆၀ခုနှစ် ဇူလိုင် ၅ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၈၇ခုနှစ်တွင် ကိုပင်ဟေဂင် စီးပွားရေးသင်တန်းကျောင်းမှ စီးပွားရေး ဆိုင်ရာမဟာဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၈၇ခုနှစ်မှ ၁၉၉၃ခုနှစ်အထိ ဒိန်းမတ်စိုက်ပျိုး ရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ပြီး ယင်းကာလအတွင်း ၁၉၈၉ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံရှိ ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်တို့တွင် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ထို့နောက် ၁၉၉၃ခုနှစ်တွင် ဒိန်းမတ် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ဝင်ရောက်ခဲ့ပြီး ၁၉၉၃ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံတို့ရှိ ဒိန်းမတ်သံရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့အပြင် ၁၉၉၅ခုနှစ်နှင့် ၁၉၉၈ခုနှစ်တို့တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်စီးပွားရေး လုပ်ငန်းသင်တန်းကျောင်းနှင့် ကိုပင်ဟေဂင်တက္ကသိုလ် နိုင်ငံရေးသိပ္ပံဌာနများ၌ ကထိက၊ ပါမောက္ခများအဖြစ် တွဲဖက်တာဝန်ယူခဲ့သည်။ ၎င်းသည် ၂၀၀၈ ခုနှစ် စက်တင်ဘာလမှ ယနေ့အထိ အီရတ်သမ္မတနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာမိုက်ကယ် ဟမ်မီတီပင်သာသည် ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၃-၉-၂၀၁၀ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အဂ္ဂိဇယမင်္ဂလာ ယဉ်ဝေယံထွန်း (တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၂၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၃၀ ၉။ ပြည်သူများလွန်အားထား (သယု)ပဲပဒုံကြိုးတံတား
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပဒေသာ
၄:၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၄:၃၀ ၄။ အတီးပြိုင်ပွဲ
၄:၄၀ ၅။ "စီးဆင်းပါစေမေတ္တာရည်"
၄:၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အရှေ့တိုင်းပညာ၊ မြန်မာစာ၊ မြန်မာမှုပညာ ရသစာပေအရေးအသား အထူးပြုများ) (အရှေ့တိုင်းပညာ)
၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၅ ၈။ တေးဂီတအစီအစဉ်
၅:၂၅ ၉။ မြန်မာစာ၊ မြန်မာစကား
၅:၃၅ ၁၀။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ…ကိုယ့်ချစ်သူ** (အပိုင်း-၁၆)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ အောင်မြင်ပါစေ မြန်မာပြည် တေးဆို-အယ်လ်လွန်းဝါနှင့်အဖွဲ့၊ သရုပ်ဆောင်-ကောင်းဆက်ထူးနှင့်အဖွဲ့ (တေးရေး-ကိုင်ဇာ)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ် (ဒုတိယတွဲ) (အပိုင်း-၂၆)**
၂၀။ သုခုမရင်ပြင်
၂၁။ အစီအစဉ်ပြီး၏။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၃-၉-၂၀၁၀ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **ခန္ဓာရှုကွက်ဉာဏ်(၃)ချက်** တရားတော် (ဆရာတော်အရှင်အဂ္ဂသာရ)
၆:၄၀ တောင်းဆုအမှန်ပြည့်မည်ဇကန် (ကျိုက်ထိုမဟာမုနိသွန်းဘုရား)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၂)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀၆)
၈:၄၀ ဖူးမြော်စေချင်…ထားဝယ်မြို့မှ ရှင်ကိုးရှင်
၉:၀၀ Activities in the City - INAX ၏ ငါးနှစ်မြောက် အခမ်းအနား
၉:၁၀ Musical Night For All ကို ကြိုတင်ခံစားကြည့်ခြင်း
၉:၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ (သွားများကို ဖြူဖွေးသန့်စင်အောင် ကုသနည်း)
၁၀:၀၀ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၂/၂၀၁၀)သုံးသပ်ချက်များ
၁၀:၁၅ မြန်မာကြိုက်နှံ့သာဖြူ ပရုပ်ဆီ
၁၀:၂၅ The Champion of Dance
၁၁:၀၀ Celebrity Choice (ဇော်ပိုင်)
၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၅ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အကြောင်း သိကောင်းစရာ (ဒေါက်တာချာလီသန်း၊ မောင်ကြင်နာ၊ ထွန်းနေစိုး)
၁၂:၅၀ စာအုပ်ပြခန်း (ပုံပြင်ကမ္ဘာကလေးရုပ်စုံစာစောင် ထုတ်ဝေသူ ဦးမြင့်ထွန်းနှင့် တွေ့ဆုံခြင်း)
၁:၀၀ **ခန္ဓာရှုကွက်ဉာဏ်(၃)ချက်** တရားတော် (ဆရာတော်အရှင်အဂ္ဂသာရ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ သူတို့ဘဝ သူတို့ဟာသ (စုပါဘဲတော)
၂:၄၅ FMF Selection
၃:၁၀ မှုဟန်ကိုယ်စီတေးကိုသီ
၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၂)
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀၆)
၄:၄၅ Musical Night For All ကို ကြိုတင်ခံစားကြည့်ခြင်း
၅:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၆:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃)
၇:၂၀ ဗီဒီယိုပြခန်း
၇:၃၅ အနုပညာမိုးကောင်းကင်
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (ပိုက်ဆံချေးတာကောင်းတယ်၊ ပိုက်ဆံမချေးတာကောင်းတယ်)
၉:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀၇)
၁၀:၀၅ International Show Biz
၁၀:၃၀ ဈေးဝယ်လမ်းညွှန် (Shoe Gallery)
၁၀:၅၅ Shooting Making **အမေ့သားလေး ပူတူးတူး** ဒီဗွီဒီဇာတ်ကားရိုက်ကွင်း
၁၁:၁၅ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၂/၂၀၁၀)သုံးသပ်ချက်များ
၁၁:၄၀ Activities in the City - INAX ၏ ငါးနှစ်မြောက် အခမ်းအနား
၁၁:၅၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (သန်းသန်းနွယ်)
၁၂:၂၀ ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
၁၂:၄၀ **အသိစိတ်ကလေးအရင်းတည်၍** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၁၂:၅၅ မြန်မာစာသုံးဖို့ မြန်မာယူနီကုဒ် ပရိုဂရမ်များ
၁:၁၀ မီးအပူပေးပြုပြင်ခြင်းနည်းပညာ
၁:၂၄ Barclays Premier League **Stoke City Vs Aston Villa**
၃:၂၅ လှပချစ်စရာ လက်မှုအနုပညာ (Sweet Pink)
၃:၅၀ ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏ တစ်သက်စာဝိပဿနာ
၄:၂၀ မွန်ပြည်နယ်မှ ဗုဒ္ဓသာသနာ
၄:၃၀ ဘုးခါးပေါ်မှ စိတ်ကူးလက်ရာ
၄:၃၅ ဖူးမြော်စေချင်… ထားဝယ်မြို့မှ ရှင်ကိုးရှင်
၅:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## Barclays Premier League ဘောလုံးပွဲစဉ်

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁:၂၄ | Stoke City-Aston Villa | ESPN (Live) |

# အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လှိုင်မြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေး ကော်မတီ၏ ဦးဆောင်မှုဖြင့် လှိုင်မြို့နယ် ကျန်းမာရေးကော်မတီ၏ အနီးကပ် စောင့်ရှောက်မှုဖြင့် လှိုင်မြို့နယ်အတွင်းရှိ နာတာရှည် ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခမ်း အနားကို စက်တင်ဘာ ၁၀ရက် နံနက် ၉နာရီက လှိုင်မြို့နယ် အလက(၄) မြတ်ပညာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ



ဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်သီရိနွယ်၊ ရန်ကုန်တိုင်းဒေသကြီး ခုခံကျ/ကာလရောဂါတိုက်ဖျက်ရေးဆရာဝန် ကြီး ဒေါက်တာမျိုးသန့်၊ တီဘီဆရာဝန်ကြီး ဒေါက်တာဒေါ်တင်မိမိခိုင်၊ အနာကြီးရောဂါ တိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာ သန်းဝင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်နှင့် အဖွဲ့ ဝင်များ၊ လှိုင်မြို့နယ်ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် ကျန်းမာရေး ဝန်ထမ်းများ တက်ရောက်ကြပြီး ဆရာဝန် ကြီးများက ကဏ္ဍအလိုက် ဆွေးနွေး ဟောပြောကြသည်။

## ထောက်ပံ့ပေးအပ်

ထို့နောက် အဆိုပါပူးပေါင်းအဖွဲ့သည် ရပ်ကွက်များရှိ နာတာရှည်ဝေဒနာရှင် ၂၀ အား အိမ်တိုင်ရာရောက် ကျန်းမာရေး စစ်ဆေးပေးပြီး ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးကာ ဆေးဝါးများနှင့် အာဟာရပစ္စည်းများကို ထောက်ပံ့ပေးအပ် ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**





နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ပေကျင်းမြို့ Bada Ling ဒေသရှိ Great Wall မဟာတံတိုင်းကြီး တည်ဆောက်ထားမှုများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ပေကျင်းမြို့ရှိ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၈နာရီ မိနစ် ၅၀တွင် ပေကျင်းမြို့ Bada Ling ဒေသရှိ Great Wall မဟာတံတိုင်းကြီးသို့ ရောက်ရှိကြသည်။

### ကြိုဆို

ရှေးဦးစွာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား Bada Ling ဒေသရှိ Great Wall မဟာတံတိုင်းကြီးမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

### ကြည့်ရှုလေ့လာ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် Great Wall မဟာတံတိုင်းကြီးပေါ်သို့ တက်ရောက်ကြ၍ မဟာတံတိုင်းကြီး တည်ဆောက်ထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကြသည်။





## မဟာ တံတိုင်းကြီး

ပေကျင်းမြို့ Bada Ling ဒေသရှိ Great Wall မဟာတံတိုင်းကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

### ပြန်လည်ထွက်ခွာ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် Great Wall မဟာတံတိုင်းကြီးမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။ **(သတင်းစဉ်)**




ပေကျင်းမြို့ Bada Ling ဒေသရှိ Great Wall မဟာတံတိုင်းကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

## အလယ်ပိုင်းဒေသများ မိုးဆက်လက်ပိုနေမည်

**နေပြည်တော် စက်တင်ဘာ ၁၂**

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**စက်တင်ဘာ ၁၃ရက် ညနေအထိခန့်မှန်းချက်မှာ** ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။





ပြန်လည်ထွက်ခွာ

ျပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်
ိုင်းတွင် Great Wall မဟာတံတိုင်းကြီးမှ
ည်။ (သတင်းစဉ်)

## သမျာ း မိုးဆက်လက်ပိုနေမည်

တော် စက်တင်ဘာ ၁၂

**အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ**
က ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး
ျင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင်
နယ်နှင့် တိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား
ည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်း
ခလိုက်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် နေရာ

**ာ်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့်
တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်

**် ညနေအထိခန့်မှန်းချက်မှာ** ကယားပြည်နယ်
ိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း
းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်
နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်း
ားတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီး
၈၀ ဖြစ်သည်။
**ွင်** လှိုင်းအသင့်အတင့်ရှိမည်။
**်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအလယ်ပိုင်းဒေသ
နေမည်။
**မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့
်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က ဂါရဝပြု နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့် ဇနီး၊ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင် သင်တန်းသားများက မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ဂါရဝပြု ကန်တော့ကြစဉ်။ (သတင်းစဉ်)




နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးက တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား စက်တင်ဘာ ၉ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် ဇနီးတို့က သံအမတ်ကြီးနေအိမ်၌ ဂါရဝပြု နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။**

## ဂါရဝပြုကြိုဆို

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီ ၃၅မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး နေအိမ်သို့ရောက်ရှိကြရာ သံအမတ်ကြီး ဦးသိန်းလွင်နှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပေကျင်းမြို့၌ ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားများက ဂါရဝပြု ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများသည် သံအမတ်ကြီး၊ စစ်သံမှူး၊ သံရုံး၊ စစ်သံရုံး ဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများအား နေအိမ်ခန်းမဆောင်၌ တွေ့ဆုံသည်။

## ရှင်းလင်းပြောကြား

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးက နိုင်ငံတော်အကြီးအကဲ ဦးဆောင်၍ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်ခြင်းဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ဖြစ်ထွန်းမှု ရရှိသည့်အခြေအနေ၊ နှစ်နိုင်ငံ မဟာဗျူဟာမြောက် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ၏ နက်ရှိုင်းသည့်အဆင့် ရောက်ရှိမှုအခြေအနေ၊ သင်တန်းသားများအနေဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည့်အခြေအနေ၊ ပြည်ပရောက် မိမိနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေး၊ စီးပွားရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ ပညာတော်သင် သင်တန်းသားများနှင့် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့်ဇနီး၊ သံရုံးနှင့် စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင် သင်တန်းသားများက မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ ဂါရဝပြု ကန်တော့ကြသည်။

## ပြန်လည်ထွက်ခွာ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးက သံရုံးနှင့် စစ်သံရုံးမှ ဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား ဩဝါဒစကား ပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ပြန်လည်ထွက်ခွာခဲ့သည်။ **(သတင်းစဉ်)**



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေး တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၂

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးသည် စက်တင်ဘာ ၉ရက် မွန်းလွဲပိုင်းက နေပြည်တော် ခရိုင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသော တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲ အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားအသင်းများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဖွင့်ပွဲပထမနေ့ပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ် ၂၈ရက်က အလက(၂) ဒေါပုံတွင် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ပထမတန်း(B) မှ ထူးချွန်ပထမဆုရရှိသူ မကြည်ပြာဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်နိုင်နိုင်ဦးက ဆုချီးမြှင့်စဉ်။ (ပညာရေး)

# ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ကျောက်တန်း အထက(၁)၌ ကျင်းပ

**ကျောက်တန်း စက်တင်ဘာ ၁၂**

ကျောက်တန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက် ၉နာရီက အထက(၁)ကျောက်တန်း မော်ဝန်းရတနာခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးခင်အောင်မြင့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မော်လီအေးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌဦးအောင်ငြိမ်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏မိဘများ စုံညီစွာ တက်ရောက်ကြပြီး မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။



**ဆုများချီးမြှင့်**

အခမ်းအနားတွင် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ တစ်ဘာသာမှ ငါးဘာသာအထိ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းအကျိုးတော်ဆောင်များက ဂုဏ်ပြုဆုများချီးမြှင့်ပြီး ပညာသင်စရိတ်ထောက်ပံ့ငွေကျပ်သုံးသိန်းကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ငြိမ်းက မြို့နယ်ပညာရေးမှူး ဦးခင်အောင်မြင့်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၁၁၅)**



# ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၆)၊ အမှတ် (၃၅) ထွက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၂**

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၆)၊ အမှတ် (၃၅)တွင် ရွှေမြန်မာတွေ စင်ကာပူမှာ အလုပ်ရပါတော့မလား အထူးသတင်းဆောင်းပါးနှင့်အတူ ငါးသိန်းတန်ဖုန်းများ အင်တာနက် ချိတ်ဆက်အသုံးပြုနိုင်တော့မည်၊ နိုင်ငံတကာအဆင့်မီ အမြန်ချောပို့စာအိတ် မြန်မာနိုင်ငံတွင် စတင်အသုံးပြုပြီ၊ မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသွယ်တန်းမှု တရုတ်ဘက်မှ စတင်၊ အခွန်သက်တမ်းတိုးပြီးနောက် မြေကွက်ဈေးမြင့်တက်၊စီးပွားရေးလုပ်ငန်းများ အိမ်ခြံမြေဘက် ရင်းနှီးမြှုပ်နှံလာစသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ရာဇဝင်ထဲက သမိုင်း၊ သမိုင်းထဲက ရတနာပုံရွှေနန်းတော်၊ ဖီးလစ်ဒီဘရစ်တို (ခေါ်) သန်လျင်မြို့စား ငဇင်ကာ Myanmar Discovery၊ အချိန်ကိုလေလိုဖြုန်းသူများ၊ မြန်မာ-အိန္ဒိယ ပူးပေါင်းမှု အကျိုးတရား၊ ဖုန်းကတ်ကို ဘယ်လိုထိန်းသိမ်းမလဲ၊ ရေဘာကြောင့်ကြီးရတယ်၊ ပြောင်းလဲကျင့်သုံးကြမည့် နိုင်ငံခြားသားနှင့် လက်ထပ်မှု မူဝါဒအချို့၊ သောင်းပြောင်းထွေလာဤကမ္ဘာ ကဲ့သို့သော ဖတ်စရာ မှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

**တွေ့ဆုံမေးမြန်း**

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး အောင်မြင်မှုလမ်းစပေါ် ရောက်ရှိပြီး အရှေ့အလယ်ပိုင်းဆိုင်ရာ နိုင်ငံရေးလေ့လာအကဲခတ်သူတို့နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ တရုတ်တွင် ကားစီးရေ အဆမတန်တိုးပွားလာနေ၊ ရောဘတ်တိုကားလို့စ်၏ အလွတ်တည်ကန်ဘောကြက်ကန်းဆန်အိုးတိုးခြင်းမဟုတ်ပါ၊ ဂျိုလီက ရေဘေးဒဏ်သင့်နေသော ပါကစ္စတန်သို့ သွားရောက်လည်ပတ်၊ အမျိုးသမီးသတင်းထောက်နှင့် ချစ်ကြိုးသွယ်နေသည်ဟူသော ကောလာဟလသတင်း၊ မစ္စတာဘရောင်းအား အသိဉာဏ် နုံချာသူအဖြစ် မစ္စတာဘလဲက ပုတ်ခတ်၊ တရုတ် အမျိုးသမီးများ အသုံးအဖြုန်းကြီးလာ စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

**(သတင်းစဉ်)**

# အင်ဂျင်နီယာ ဒီပလိုမာ သင်တန်းတက်ရောက်နိုင်

ရန်ကုန် စက်တင်ဘာ ၁၂

GALLANT Training ၌ City & Guilds အင်္ဂလန်နိုင်ငံ အသိအမှတ်ပြု အင်ဂျင်နီယာ ဒီပလိုမာဘာသာရပ်များကို အင်္ဂလန်နိုင်ငံ City & Guilds Institute မှ Approved Centre ရယူပြီး အင်ဂျင်နီယာဘာသာရပ်များ ဒီပလိုမာနှင့် အဆင့်မြင့်ဒီပလိုမာအဆင့် Level နှစ်ဆင့်ကို သင်ကြားပေးလျက်ရှိရာ City & Guilds ဒီပလိုမာနှင့် အဆင့်မြင့်ဒီပလိုမာ အင်ဂျင်နီယာမေဂျာဘာသာရပ်ကြီးများဖြစ်သော Mechanical & Electrical, Mechanical Power, Electrical Power, Electronic, Civil (Construction) အပါအဝင် ဘာသာရပ်ခွဲပေါင်း ၁၅ခုထဲမှ မိမိကြိုက်နှစ်သက်သည့် ဘာသာရပ်ကို ရွေးချယ်တက်ရောက်နိုင်ပြီး သင်ကြားပေးထားသည့် ဘာသာရပ်များထဲမှ မိမိပိုင်နိုင်စွာ ဖြေဆိုနိုင်မည့် ဘာသာရပ်များကို နှစ်စဉ် ဇွန်လနှင့် ဒီဇင်ဘာလတိုင်းတွင် ဘာသာရပ်ခွဲ၍ ဝင်ရောက်ဖြေဆိုနိုင်သည်။ စာမေးပွဲမေးခွန်းများကို City & Guilds Institute အင်္ဂလန်နိုင်ငံမှ ပေးပို့သော မေးခွန်းများအတိုင်း သတ်မှတ်ထားသော Exam Centre များတွင်သာ ဖြေဆိုရမည်ဖြစ်သည်။

စာမေးပွဲဖြေဆိုအောင်မြင်သူတိုင်းသည်စာမေးပွဲဖြေဆိုပြီးနှစ်လအကြာတွင် City & Guilds Institute အင်္ဂလန်နိုင်ငံမှချီးမြှင့်သည့် အင်ဂျင်နီယာဒီပလိုမာလက်မှတ်ရရှိမည်ဖြစ်သည်။ City & Guilds အင်ဂျင်နီယာဘာသာရပ်များကို အင်္ဂလန်နိုင်ငံ သင်ရိုးညွှန်းတမ်းများအတိုင်း စာတွေ့၊ လက်တွေ့သင်ကြားပေးခြင်းအပြင် GALLANT သင်တန်းကျောင်း၏ လက်တွေ့ကျွမ်းကျင်အင်ဂျင်နီယာသင်တန်းနှစ်မျိုးကိုပါထည့်သွင်းသင်ကြားပေးမည်ဖြစ်သည်။

GALLANT သင်တန်းကျောင်း၏ City & Guilds အင်ဂျင်နီယာဘာသာရပ်များကို သင်ကြားဖြန့်ဝေပေးခြင်းအပြင် City & Guilds အင်ဂျင်နီယာ ဒီပလိုမာလက်မှတ်ရ ကျောင်းသားများကို ပြည်တွင်းရှိ စက်ရုံ၊ အလုပ်ရုံနှင့် ကုမ္ပဏီများသို့ တိုက်ရိုက်ဆက်သွယ်၍ အလုပ်လျှောက်ထားပေးခြင်းအပြင် ပြည်ပအလုပ်အကိုင် လျှောက်ထားလိုသူများကို မြန်မာနိုင်ငံရှိ ပြည်ပလိုင်စင်ရ အလုပ်အကိုင်အေဂျင်စီများမှတစ်ဆင့် တရားဝင်အလုပ်ရရှိရန် CV ပြင်ဆင်ပေးခြင်း၊ လျှောက်ထားနိုင်သည့် ပါမစ်များအကြောင်းနှင့် ရရှိနိုင်သည့် လစာများနှင့် နိုင်ငံများအကြောင်းတို့ကို တိုင်ပင်ဆွေးနွေးပေးသည်။

GALLANT သင်တန်းကျောင်း၏ City & Guilds အင်ဂျင်နီယာဘာသာရပ်များကို တစ်နှစ်လျှင် နှစ်ကြိမ်ဖွင့်လှစ်သင်ကြားပေးပြီး ယခုဖွင့်လှစ်မည့် သင်တန်းအပတ်စဉ်ကို စက်တင်ဘာလကုန်အထိ သင်တန်းသားအသစ် လက်ခံလျက်ရှိကြောင်းနှင့် စိတ်ပါဝင်စားပါက အမှတ်(၅) ဘီ(၅) လေးလွှာ ဦးထွန်းလင်းခြံလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၃၉၄၀၃၊ ၇၃၀၃၂၆၇၀နှင့် ၀၉-၅၁၂၈၀၂၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေပေါ်ကန်ကျေးရွာသို့ ရေစုပ်စက်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဝိစာရအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ ရေပေါ်ကန်ကျေးရွာသို့ ရေစုပ်စက် လှူဒါန်းပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။



**ရှင်းလင်းပြောကြား**

လှူဒါန်းပွဲတွင် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အဖွင့်အမှာစကားပြောကြားပြီး ရေစုပ်စက် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ဝိစာရ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ သုတေသနဖွံ့ဖြိုးရေး မန်နေဂျာ ဦးသောင်းထွန်းက ရှင်းလင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ အလှူရှင်များက ရေစုပ်စက်ကို ပေးအပ်လှူဒါန်းရာ ရေပေါ်ကန်ကျေးရွာဥက္ကဋ္ဌနှင့် ကျေးရွာကိုယ်စားလှယ်တို့ကလက်ခံယူပြီး**(ဝဲပုံ)**၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးစန်းမြိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(၁၂၄)

# ငွေတိုးရှယ်သမက် လာမည့်သောကြာ ရုံဝင်မည်

**ရန်ကုန် စက်တင်ဘာ ၁၂**

ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)၏ **ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ်**မှာ မြို့လယ် သမ္မတ၊ သွင်၊ မင်္ဂလာရုံများနှင့် မြို့ပတ်နဝဒေးနှင့် မဟာမြိုင်ရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

**ငွေတိုးရှယ်သမက်ရုံဝင်မည်**

လာမည့်သောကြာ စက်တင်ဘာ ၁၇ ရက်တွင် ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးသည့် **ငွေတိုးရှယ်သမက်** ရုံဝင်လာမည်ဖြစ်သည်။ ငွေတိုးရှယ်သမက်တွင် ရန်အောင်၊ ရဲအောင်၊ နေတိုး၊ ကျော်ကျော်ဗို၊ မေသဉ္ဇာဦး၊ စိုးမိုးကြည်နှင့် မိုးဟေကိုတို့ အဓိက ပါဝင်ထားသည်။

**အသည်းကွဲဒယ်ဒီ**

ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)၏ **အသည်းကွဲဒယ်ဒီ** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားမှာ ရွှေဗဟို၊ဘုရင့်နောင်၊ ရွှေဝတီနှင့် မြရတနာရုံများတွင် ဆက်လက်ပြသနေသည်။

**အိန္ဒိယဇာတ်ကားသစ်ရုံဝင်**

ဆာလ်မန်ခန်း ခေါင်းဆောင်ပါဝင်ထားသည့် **Dabangg** အိန္ဒိယ အက်ရှင်ဇာတ်ကားသစ်မှာ ယခုသောကြာပတ်တွင် ရွှေဆောင်ရုံ၌ ရုံဝင်လာသည်။ နေပြည်တော်ရုံတွင် အင်ဂျလီနာဂျိုလီ၏ အက်ရှင်ဇာတ်ကား **Salt** ပြသနေဆဲဖြစ်သည်။ ။

**ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)**

**(မြန်မာ့အလင်း)**



**ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်မှ စိုးမြတ်သူဇာ။**

# ငှက်များ လေယာဉ်နှင့်တိုက်မှုမှကင်းဝေးရန် အမေရိကန်တို့ ငှက်များကိုလေ့ကျင့်ပေး

မာနက်စ် စက်တင်ဘာ ၁၂

စစ်ဘက်လေယာဉ်များအား ငှက်များနှင့် တိုက်မိသည့် ဖြစ်ရပ်များမှ ကင်းဝေးရန် ကာဇက်စတန်နိုင်ငံရှိ မာနက်စ်နိုင်ငံတကာလေဆိပ်တွင် လေယာဉ် ပြေးလမ်းများအနီးမှ ငှက်များ မောင်းထုတ်သည့် လေ့ကျင့်ပေးမှု တစ်ရပ်ကို ပြုလုပ်နေပြီဖြစ်ကြောင်း **(ယာပုံ)** အမေရိကန် စစ်ဘက်အရာရှိများက စက်တင်ဘာ ၁၁ရက်၌ ပြောကြားသည်။



**လေ့ကျင့်ပေး**

လေယာဉ်များအဆင်းအတက်တွင် ငှက်များနှင့်တိုက်မိသည့် မတော်တဆ ဖြစ်ရပ်များ မကြုံတွေ့စေရန် ငှက်များ လေယာဉ်နှင့် တိုက်မိသည့် ဘေးအန္တရာယ် ကာကွယ်ရေး အစီအစဉ်ကို မာနက်စ်လေဆိပ်၌ အမေရိကန်လေတပ်မှ ဝန်ထမ်းများ လေ့ကျင့်ပေးလျက်ရှိသည်။

**ကုန်ကျ**

ကာဇက်စတန်ရှိ မာနက်စ်လေဆိပ်သည် အာဖဂန်နစ္စတန်သို့ အမေရိကန် တပ်ဖွဲ့ဝင်များပေးပို့ရာ တစ်ထောက်နား လေဆိပ်ဖြစ်ပြီး လစဉ် လေယာဉ်အဆင်းအတက် အခေါက်ရေ ၅၀၀ ကျော် ပျံသန်းနေသည့် လေဆိပ်ဖြစ်သည်။ အမေရိကန် တပ်ဖွဲ့ဝင်များအား အကြိမ်ကြိမ် သယ်ယူပို့ဆောင်ရာတွင် အဆိုပါလေဆိပ်၌ လေယာဉ်ဆီ ဖြည့်တင်းခဲ့ရာ ယခုအခါ လေယာဉ်ဆီ ဂါလန် ၁၀သန်းကျော် ကုန်ကျခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**တိုက်မိ**

မာနက်စ်လေဆိပ်၌ ၂၀၀၉ခုနှစ် အောက်တိုဘာလမှ ၂၀၁၀ခုနှစ် ဇူလိုင်လအတွင်း ငှက် ၅၉ကောင်နှင့် တိုက်မိသဖြင့် လေယာဉ်များပျက်စီးမှုဖြစ်ခဲ့ရာ အမေရိကန်ဒေါ်လာ ၃၄၈၀၀၀ ကျော် ငွေကြေးကုန်ကျခဲ့သည်။ လေယာဉ်မှူးများနှင့် လေဆိပ်အုပ်ချုပ်သူများအတွက် ငှက်များမှာ ကြီးမားသည့်အန္တရာယ် တစ်ရပ်အဖြစ် ရှိနေခဲ့သည်။

**လေ့ကျင့်ပေး**

ထို့ကြောင့် အင်္ဂလန်နိုင်ငံ ဆူဖော့ခ်မြို့ရှိ ဖိုနစ်ကျေးငှက်ထိန်းသိမ်းရေးလုပ်ငန်းမှ ကျေးငှက်များထိန်းကျောင်းမှု ကျွမ်းကျင်သူ တစ်ဦးဖြစ်သော စတီဖင်ဖာရယ်အား စေလွှတ်ကာ လေ့ကျင့်မှုများ၊ သင်ကြားမှုများပြုလုပ်ပေးလျက်ရှိသည်။ ထို့အတူ မာနက်စ်လေဆိပ်ဝန်းကျင်ရှိ လယ်မြေများမှ ကျေးငှက်များကိုလည်း ထိန်းသိမ်းပေးသွားမည်ဖြစ်ရာ လေယာဉ်များ ငှက်များနှင့် မတော်တဆ တိုက်မိမှုမှ ကင်းဝေးသွားနိုင်မည် ဖြစ်သည်။ ။

**(အင်တာနက်)**

# အစ္စရေးနှင့်ပါလက်စတိုင်း တိုက်ရိုက်ဆွေးနွေးပွဲ မျှော်လင့်သည်ထက် ပိုမိုအောင်မြင်

*ဝါရှင်တန် စက်တင်ဘာ ၁၂*

*အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်၌ ပြီးခဲ့သည့် ရက်သတ္တပတ်က ကျင်းပသည့် အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ တိုက်ရိုက်ဆွေးနွေးပွဲမှာ ပြည်သူအများအပြား မျှော်လင့်ထားသည်ထက် ပိုမိုအောင်မြင်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက စက်တင်ဘာ ၁၁ရက်တွင် ထုတ်ဖော်ပြောကြားသည်။*

***တိုက်ရိုက်တွေ့ဆုံ***

*အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုနှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်တို့ လပေါင်း၂၀ခန့်အတွင်း ဝါရှင်တန်၌ ပထမဆုံးအကြိမ်အဖြစ် တိုက်ရိုက်တွေ့ဆုံ ဆွေးနွေးခြင်းကို အမေရိကန်သမ္မတအိုဘားမားက အထက်ပါအတိုင်း ရည်ညွှန်းပြောကြားလိုက်ခြင်းဖြစ်သည်။*

***ပိုမိုအောင်မြင်***

*အစ္စရေးနှင့်ပါလက်စတိုင်း ခေါင်းဆောင်များသည် ရည်ရွယ်ချက်ရှိရှိ အလေးအနက်ထားကာ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်ပြီး ပြည်သူတို့မျှော်လင့်ထားသည်ထက် ပိုမိုအောင်မြင်ကြောင်း သမ္မတအိုဘားမားက ချီးကျူးပြောကြားသည်။*

***အမ်အင်န်အေဆင်ဟွာ***

# အီရတ် ရုပ်မြင်သံကြားသတင်းထောက်အား သေနတ်သမားများ ပစ်သတ်ခဲ့ပြန်

ဘဂ္ဂဒက် စက်တင်ဘာ ၁၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အတွင်း စက်တင်ဘာ ၁၁ရက်က တိုက်ခိုက်မှုနှစ်ခုတွင် အရပ်သား လေးဦးသေဆုံးခဲ့ကြောင်းနှင့် မိုဆူးလ်မြို့၌လည်း သေနတ်သမားများက အီရတ်ရုပ်မြင်သံကြားသတင်းထောက် ဆာဖာအဗ္ဗဒူဟာမစ်အား ပစ်သတ်လိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရုပ်မြင်သံကြားသတင်းထောက် ဆာဖာအဗ္ဗဒူဟာမစ်မှာ အယ်မိုဆူလီယာ ရုပ်မြင်သံကြားဌာနသို့ အလုပ်ဆင်းရန် မိုဆူးလ်မြို့ ၎င်း၏နေအိမ်မှအထွက် အိမ်ရှေ့တွင် ပစ်သတ်ခံလိုက်ရခြင်းဖြစ်သည်။

**ပစ်သတ်ခံလိုက်ရ**

မကြာသေးမီကလည်း အယ်လ်အီရတ်ကီယာရုပ်မြင်သံကြားအစီအစဉ်တင်ဆက်သူ ရီယတ်အယ်ဆာရေးမှာ ဘဂ္ဂဒက်မြို့ နေအိမ်အပြင်ဘက်တွင် သေနတ်ဖြင့် ပစ်သတ်ခံလိုက်ရကြောင်း သိရသည်။

**(အင်တာနက်)**



ရှန်ဟိုင်းမြို့ ပန်ဒေါင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မုန်တိုင်းကြောင့် လေယာဉ်ခရီးစဉ်များ ရပ်ဆိုင်းထားသဖြင့် ခရီးသည်များ ခေတ္တစောင့်ဆိုင်းနေကြသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

# ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်း အစ္စရေးစစ်လေယာဉ်များ တိုက်ခိုက်

ဂါဇာ စက်တင်ဘာ ၁၂

ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းကို အစ္စရေးနိုင်ငံ၏ အက်ဖ်-၁၆ စစ်လေယာဉ်များက စက်တင်ဘာ၁၀ရက်ညက တိုက်ခိုက်ကြောင်း မျက်မြင် တွေ့ရှိသူများက ပြောကြားသည်။

**ပစ်ခတ်**

ဂါဇာကမ်းမြောင်မှစစ်သွေးကြွများက အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဂါဇာကမ်းမြောင် မြောက်ပိုင်းမှ ဒုံးကျည်များဖြင့် ပစ်ခတ်ပြီး နာရီပိုင်းအတွင်းတွင် အစ္စရေးစစ်လေယာဉ်များက တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်ကြောင်း အစ္စရေးရေဒီယိုက ကြေညာသည်။

**ဆန္ဒပြ**

ထိုအတောအတွင်း အနောက်ဘက်ကမ်း၌ အစ္စရေးက တံတိုင်းတည်ဆောက်ထားခြင်းကို ပါလက်စတိုင်းတို့ ပုံမှန်ကန့်ကွက် ဆန္ဒပြမှုများပြုလုပ်စဉ် ဆန္ဒပြသူများနှင့် အစ္စရေးစစ်သားများ အဓိကရုဏ်းဖြစ်ပွားသဖြင့် ပါလက်စတိုင်းတစ်ဦး ဒဏ်ရာရရှိသည်။ အဓိကရုဏ်းဖြစ်စဉ် မျက်ရည်ယိုဗုံး သုံးသဖြင့် ဒါဇင်နှင့်ချီသည့် ဆန္ဒပြသမားများ ဆေးကုသမှုခံယူကြရသည်။ ဆန္ဒပြသူများအား လူစုခွဲရန် အစ္စရေးစစ်တပ်က ရော်ဘာကျည်ဆန်များနှင့် မျက်ရည်ယိုဗုံးများ အသုံးပြုခဲ့ကြသည်ဟု ဆိုသည်။ **အမ်အင်န်အေဆင်ဟွာ**

**ဂါဇာနယ်စပ်၌ အစ္စရေးတို့ လေကြောင်းမှ တုံ့ပြန်တိုက်ခိုက်မှုကို တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)



# တရုတ်နိုင်ငံ၌ မီရန်တီမုန်တိုင်းကြောင့် လေယာဉ်ခရီးစဉ်များ ရပ်ဆိုင်းထားရ

ဟန်ကျိုး စက်တင်ဘာ ၁၂

တရုတ်နိုင်ငံ၌ မီရန်တီအမည်ရှိ တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် စက်တင်ဘာ ၁၁ရက်က ဆက်လက်၍ မိုးသည်းထန်စွာ ရွာသွန်းနေသဖြင့် ဖူကျန်းပြည်နယ်၌ မြေပြိုမှုများဖြစ်ပွားပြီး ရေလွှမ်းသဖြင့် လူသုံးဦးသေဆုံးပြီး လေယာဉ်ခရီးစဉ်များလည်း ရပ်ဆိုင်းထားရသည်ဟု ဒေသအာဏာပိုင်အဖွဲ့က စက်တင်ဘာ ၁၂ရက်၌ သတင်းထုတ်ပြန်သည်။

**ခေတ္တရပ်ဆိုင်း**

ရှန်ဟိုင်းမြို့ ပန်ဒေါင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်တွင်းခရီးစဉ်နှင့် ပြည်ပခရီးစဉ် ၃၀၀ကျော် ခေတ္တရပ်ဆိုင်းထားရသည်ဟု လေဆိပ်အာဏာပိုင်အဖွဲ့က ပြောကြားသည်။

မိုးများအဆက်မပြတ်သည်းထန်စွာ ရွာသွန်းနေမှုကြောင့် မိုးရေချိန်သည် ၂၃၂ မီလီမီတာသို့ ရောက်ရှိနေကြောင်း၊ ဒေသခံအိမ်ခြေတစ်ထောင်ခန့် ပျက်စီးလျက်ရှိနေကြောင်း၊ ဟန်ကျိုးမြို့အပါအဝင် မြို့ပေါင်းကိုးမြို့တွင် ရေလွှမ်းမှုများဖြစ်ပေါ်နေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

**အမ်အင်န်အေဆင်ဟွာ**

# အာဂျင်တီးနား ပျော်ပွဲစားရုံပြိုကျ နှစ်ဦးသေဆုံးပြီး လူ ၂၀ ဒဏ်ရာရ

ဗျူနိုအေရိစ် စက်တင်ဘာ ၁၂

အာဂျင်တီးနားနိုင်ငံ၏မြို့တော် ဗျူနိုအေရိစ်ရှိ ပျော်ပွဲစားရုံအဆောက်အအုံတစ်ခု စက်တင်ဘာ ၁၁ရက်က ပြိုကျခဲ့ရာ အမျိုးသမီးနှစ်ဦးသေဆုံးပြီး လူ၂၀ ဒဏ်ရာရသွားကြောင်း အာဂျင်တီးနားအာဏာပိုင်များက အတည်ပြုပြောကြားသည်။

ဗျူနိုအေရိစ်မြို့တော် ပါလာမိုခရိုင်ရှိ ပျော်ပွဲစားရုံပြိုကျပြီး သေဆုံး၍ ဒဏ်ရာရမှုများရှိသော်လည်း မည်သည့်အတွက် ပြိုကျသည်ကို ယခုအထိ မသိရသေးကြောင်း အရေးပေါ် ဆေးဝါးကူညီရေးအဖွဲ့(အက်စ်အေအီး)ညွှန်ကြားရေးမှူး အင်တိုနီယိုအင်တီက ပြောကြားသည်။

**အဆောက်အအုံပြိုကျ**

ပျော်ပွဲစားရုံအဆောက်အအုံပြိုကျသဖြင့် အမျိုးသမီးနှစ်ဦးသေဆုံးပြီး လူ၂၀ ဒဏ်ရာရသွားသော်လည်း ဒဏ်ရာရသူများတွင် ဒဏ်ရာပြင်းထန်သူ မတွေ့ရကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။ **အမ်အင်န်အေဆင်ဟွာ**



## ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် တိုက်ကြီး-ဖောင်ကြီး ပဲခူးကားလမ်းတွင် လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ဝန်ကြီးဦးခင်မောင်မြင့် ကိုးပင်-သာဂရကားလမ်းကျောက်ခင်းမှုစစ်ဆေး

# လမ်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေး ဆောင်ရွက်ရန်မှာကြား

ရန်ကုန် စက်တင်ဘာ ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် စက်တင်ဘာ ၁၀ရက် နံနက်ပိုင်းက နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီးအတိုင်း မော်တော်ယာဉ်ဖြင့် ထွက်ခွာပြီး ကိုးပင်-သာဂရ ကားလမ်း မိုင်တိုင်အမှတ်(၅/၁)မှစ၍ လမ်းတစ်လျှောက် စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ မြေကြီးလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ကျောက်ခင်းနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ မိုင်တိုင်အမှတ်(၇/၁)နှင့် (၇/၂)အကြား၌ ကျောက်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### နေ့ညမပြတ်

ဆက်လက်၍ မိုင်တိုင်အမှတ်(၁၀/၁)နှင့် (၁၀/၂)အကြား၌ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းသားသိပ်သည်းမှု ရရှိအောင် ရေဖျန်းခင်းကြိတ်ခြင်း ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၁၃/၁)နှင့် (၁၃/၂)အကြား၌ စက်ယန္တရားများဖြင့် မတ်စောက်သည့် တောင်ကြောကို အနိမ့်အမြင့်ညှိခြင်းနှင့် မြေကြီး လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးရေး နေ့/ည မပြတ် ဆောင်ရွက်ရန်နှင့် လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် တိုက်ကြီး - ဖောင်ကြီး - ပဲခူးကားလမ်း (တိုက်ကြီး ၁၀မိုင်ကုန်း)အပိုင်း လမ်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေ တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**



## ပန်းအလှပင်များစိုက်ပျိုး

ဩဂုတ် ၆ရက်က တိုက်ကြီးမြို့နယ် မင်္ဂလာသီရိပန်းခြံအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း၍ ပန်းအလှပင်များစိုက်ပျိုးခြင်းကို အမှုဆောင်အရာရှိ သူရဦးမြင့်သူ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



## တံတားပြင်ဆင်

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒေါနိုးကူးသစ်သား တံတားပြင်ဆင်ခြင်း လုပ်ငန်းကို စက်တင်ဘာ ၂ရက်က ကယား ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးဝင်းမောင် ကွင်းဆင်းစစ်ဆေးရာ လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်နှင့် အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## ပညာရည်ချွန်ဆုပေး

စက်တင်ဘာ၈ရက်တွင် ကျင်းပသော ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ၌ ၂၀၀၉-၂၀၁၀ပညာသင်နှစ်တွင် တတိယတန်း(က)မှ ပထမဆုရရှိသော မခင်လရောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းမြင့် ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



## မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်းများ

အာကာကျော် ➤ စုစည်းသည်

# ကင်တပ်ကီပြည်နယ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား သေနတ်သမားအပါအဝင် ခြောက်ဦးသေဆုံး

နယူးယောက် စက်တင်ဘာ ၁၂



သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သူများ၏ မိသားစုဝင်များကို တွေ့ရစဉ်။

အမေရိကန်နိုင်ငံ ကင်တပ်ကီပြည်နယ် အရှေ့ပိုင်း၌ သေနတ်သမားတစ်ဦးက စက်တင်ဘာ ၁၁ရက်တွင် ကိုယ့်ကိုယ်ကို သေနတ်ဖြင့် ပစ်ခတ်ခြင်းမပြုမီ အခြား ငါးဦးအား ပစ်ခတ်ခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက စက်တင်ဘာ ၁၂ရက်တွင် ပြောကြားသည်။

အဆိုပါ သေနတ်ပစ်ခတ်မှုသည် ကင်တပ်ကီပြည်နယ် ဘရစ်တစ်ခရိုင် ဂျက်ဆင်မြို့ ပန်းခြံတစ်ခုအတွင်း စက်တင်ဘာ ၁၁ရက် ဒေသစံတော်ချိန် ၁၁နာရီ ၃၅မိနစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကင်တပ်ကီ ပြည်နယ်ရဲအဖွဲ့က ပြောသည်။ ယင်းသေနတ်ပစ်ခတ်သူမှာ အသက် ၄၇နှစ်ရှိ စတန်လေနေ့စ် ဆိုသူဖြစ်ပြီး ၎င်းသည် ဇနီးနှင့် မွေးစားသမီးအပါအဝင် လူငါးဦးအားသတ်ပြီး ခြောက်ဦးမြောက်သေဆုံးသူမှာ ၎င်းသေနတ်သမားပင်ဖြစ်ကြောင်း ရဲအဖွဲ့ကပြောသည်။ **(အင်တာနက်)**

# အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းစေလိုလျှင် အစ္စရေးတို့ တောင်းဆိုချက် သဘောတူရမည်ဟု နေတန်ယာဟုပြောကြား



ဂျေရုဆလင် စက်တင်ဘာ ၁၂

အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းစေလိုလျှင် ပါလက်စတိုင်းတို့အနေဖြင့် အစ္စရေးတို့တောင်းဆိုသည့် ဂျူးနိုင်ငံအဖြစ် အသိအမှတ်ပြုရေးကို သဘောတူရမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု **(ဝဲပုံ)**က စက်တင်ဘာ ၁၂ ရက်တွင် ပြောကြား လိုက်သည်။

### ခိုင်ခိုင်မာမာ

အစ္စရေးနိုင်ငံကို အသိအမှတ်ပြုခြင်းကသာ ငြိမ်းချမ်းရေးအုတ်မြစ်ကို ခိုင်ခိုင်မာမာချနိုင်လိမ့်မည်ဖြစ်ကြောင်း၊ ပါလက်စတိုင်းတို့အနေဖြင့် ယင်းအချက်ကို သဘောမတူသမျှကာလပတ်လုံး နှောင့်နှေးစေလိမ့်မည်ဖြစ်ကြောင်း ဘင်ဂျမင်နေတန်ယာဟုက ပြောသည်။

အစ္စရေးနိုင်ငံတည်ထောင်ခြင်းသည် အစ္စရေးပြည်သူတစ်ရပ်လုံး၏ ဆန္ဒပင်ဖြစ်ကြောင်း၊ အစ္စရေးနိုင်ငံ၏လိုလားတောင်းဆိုချက်ကို ဖြည့်ဆည်းပေးနိုင်မှသာ နှစ်နိုင်ငံပြည်သူများ၏ ပဋိပက္ခချုပ်ငြိမ်းပေလိမ့်မည်ဖြစ်ကြောင်း နေတန်ယာဟုကပြောသည်။ **(အင်တာနက်)**

# ဖမ်းဆီးထားသည့် အမေရိကန်အမျိုးသမီးအား ဒေါ်လာငါးသိန်းပေးသဖြင့် အီရန်ပြန်လွှတ်ပေးမည်ဆို



တီဟီရန် စက်တင်ဘာ ၁၂

အီရန်နိုင်ငံက လွန်ခဲ့သည့်နှစ်အတွင်း ဖမ်းဆီးထားသည့် အမေရိကန်ခြေလျင်ခရီးသွားသုံးဦးအနက် တစ်ဦးအား ပြန်လွှတ်ပေးရန် အသင့်ရှိကြောင်း နိုင်ငံပိုင်မီဒီယာက စက်တင်ဘာ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။ အဆိုပါသုံးဦးအနက် အသက် ၃၂နှစ်ရှိ ဆာရက်ရှော့ဒ်အား အာမခံငွေ အမေရိကန်ဒေါ်လာ ငါးသိန်းပေးပြီးဖြစ်၍ အီရန်နိုင်ငံက ပြန်လွှတ်ပေးတော့မည် ဖြစ်ကြောင်း အီရန်ရှေ့နေချုပ် အဘတ်စ်ဂျာဖာရီ ဒိုလာတာဘာဒီက ပြောကြားသည်။

### ပြောကြား

ယင်းတို့သုံးဦးအား ပြန်လွှတ်ပေးရေးအစီအစဉ်ကို အီရန်သမ္မတ မာမွတ်အမာဒီနီဂျက်၏ အစီအစဉ်အရသာပြုလုပ်နေခြင်းဖြစ်ကြောင်း မစ္စတာဂျာဖာရီဒိုလာတာဘာဒီက ပြောကြားသည်။ မစ္စစ်ရှော့ဒ်**(အလယ်ပုံ)**နှင့် အမေရိကန်အမျိုးသားများဖြစ်ကြသည့် ရှိန်းဘာယာ၊ ဂျို့စ်ဖက်တယ်တို့အား ၂၀၀၉ ခုနှစ် ဇူလိုင် ၃၁ ရက်က အီရတ်-အီရန်နယ်စပ်အနီး၌ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ယင်းတို့သုံးဦးသည် အီရတ်မြောက်ပိုင်း ခေါ်မယ်ဒေသရှိ တောင်တန်းများသို့ အပျော်တမ်းခြေကျင်ခရီးသွားရောက်စဉ် အီရန်နယ်စပ်၌ အီရန်က ဖမ်းဆီးသွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့၏ မိသားစုများက ပြောကြားသည်။ **(အင်တာနက်)**

# အီဂျစ်ရေနံတင်သင်္ဘောတစ်စင်း ရေနံယိုစိမ့်မှုဖြစ် နိုင်းမြစ်အတွင်း ရေနံတန်ချိန် ၁၀၀ ယိုဖိတ်ခဲ့

လူဆာ(အီဂျစ်) စက်တင်ဘာ ၁၂

အီဂျစ်နိုင်ငံတောင်ပိုင်း၌ ရေနံတင်သင်္ဘောတစ်စင်းသည် ဝမ်းဗိုက်ပိုင်းမှ ရေနံများယိုစိမ့်ပြီး ရေနံတန်ချိန် ၁၀၀ ခန့် နိုင်းမြစ်အတွင်း ယိုဖိတ်ခဲ့ကြောင်း အီဂျစ် တာဝန်ရှိသူများက စက်တင်ဘာ ၁၂ရက်တွင် ပြောကြားသည်။

အဆိုပါ ရေနံတင်သင်္ဘောသည် စက်တင်ဘာ ၁၁ရက်က ကိုင်ရိုမြို့ တောင်ဘက် မိုင် ၇၀၀အကွာ၌ ကျောက်ချရပ်နားထားစဉ် သင်္ဘောမှာ တဖြည်းဖြည်း နစ်မြုပ်ကာ ရေနံများအပြင်သို့ ယိုစိမ့်ထွက်သွားခဲ့ခြင်းဖြစ်ကြောင်း၊ ယိုစိမ့်ရေနံများ မြစ်အတွင်းပျံ့နှံ့မသွားစေရန် အရေးပေါ်အခြေအနေတစ်ရပ် ကြေညာထားရကြောင်း အီဂျစ်တောင်ပိုင်းပြည်နယ်များမှ တာဝန်ရှိသူများကပြောသည်။

အဆိုပါ ရေနံတင်သင်္ဘောသည် နိုင်းမြစ်ပို့ဆောင်ရေးကုမ္ပဏီက ပိုင်ဆိုင်ပြီး ရေနံတန်ချိန် ၂၄၄ တန်တင်ဆောင်ထားကြောင်း သိရသည်။ **(အင်တာနက်)**

## ဂျာမနီတိုက်စစ်မှူး ကလိုဆေး ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားအထိ ကစားရန်မျှော်လင့်

မြင့်မောင်စိုး - စုစည်းသည်

မြူးနစ် စက်တင်ဘာ ၁၂

ဂျာမနီအသင်း တိုက်စစ်မှူးမီရိုဆလတ်ကလိုဆေးက သူ့အနေနဲ့ ဘရာဇီးမှာ ကျင်းပမယ့် ၂၀၁၄ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအထိ ပါဝင်ကစားဖို့ မျှော်လင့်ထားပါတယ်လို့ ဂျာမနီအသင်းရဲ့ယူရို ၂၀၁၂ ခြေစစ်ပွဲမကစားမီက ပြောကြားခဲ့ပါတယ်။

အသက် ၃၂နှစ်ရှိပြီဖြစ်တဲ့ တိုက်စစ်မှူးကလိုဆေးဟာ ဂျာမနီအသင်းနဲ့ အတူပွဲပေါင်း ၁၀၁ပွဲပါဝင်ကစားခဲ့ရာမှာ ၁၄ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။

### သွင်းယူနိုင်

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဂိုးအများဆုံး သွင်းယူနိုင်တဲ့ ရော်နယ်ဒိုဟာ အများဆုံး ၁၅ဂိုး သွင်းယူနိုင်ခဲ့ပါတယ်။ ကလိုဆေးက ရော်နယ်ဒိုရဲ့ ကမ္ဘာ့ဖလားဂိုး အများဆုံးသွင်းတဲ့ စံချိန်ကိုမီဖို့ တစ်ဂိုးသာလိုပါတော့တယ်။

တိုက်စစ်မှူးကလိုဆေးဟာ ရလာတဲ့ဂိုးသွင်းခွင့်တွေကို ပိုင်နိုင်စွာ အသုံးချပြီး ဂိုးသွင်းယူနိုင်တဲ့သူဖြစ်ပါတယ်။ မိမိအနေနဲ့ ဂျာမနီအသင်းအတွက် နှစ်အတန်ကြာ ကစားနိုင်သေးပါတယ်လို့ ၄င်းက ပြောပါတယ်။

### ခြေစွမ်းပြကစား

တိုက်စစ်မှူးကလိုဆေးဟာ ကမ္ဘာ့ဖလားမှာသာမကပါဘူး ယခုယှဉ်ပြိုင်နေတဲ့ ယူရို ၂၀၁၂မှာလည်း အဓိက ခြေစွမ်းပြကစားနေပါတယ်။ ယူရို ၂၀၁၂ ဘယ်လ်ဂျီယံအသင်းနဲ့ ကစားခဲ့တဲ့ပွဲမှာ ဂျာမနီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပါတယ်။



ဂျာမနီအသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ ကစားခဲ့တဲ့ပွဲမှာလည်း တိုက်စစ်မှူး ကလိုဆေးက တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့ပါတယ်။

ဂျာမနီအသင်းနဲ့ အဇာဘိုင်ဂျန်အသင်းတို့ ကစားခဲ့တဲ့ပွဲတွင် ဂျာမနီက အဇာဘိုင်ဂျန်အသင်းကို ၆-၁ ဂိုးဖြင့် နိုင်သည့်ပွဲမှာလည်း တိုက်စစ်မှူး ကလိုဆေးဟာ ဂျာမနီအသင်းအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ တိုက်စစ်မှူး ကလိုဆေးဟာ ဒီပွဲမှာ ဒုတိယမြောက်ဂိုးကိုလည်း သွင်းယူပေးနိုင်ခဲ့ပါတယ်။

### ရွှေဖိနပ်ဆု

ကလိုဆေးဟာ ဂျာမနီတိုက်စစ်မှူးအဖြစ် ကစားနေပေမယ့် ၄င်းရဲ့မွေးဖွားရာ ဇာတိဟာ ပိုလန်နိုင်ငံဖြစ်ပါတယ်။ သူဟာ ၂၀၀၆ခုနှစ်က ဂျာမနီနိုင်ငံမှာကျင်းပတဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့အတွက် ရွှေဖိနပ်ဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ သူဟာ ၂၀၀၂ ခုနှစ်က ကိုရီးယားနဲ့ဂျပန်နိုင်ငံတို့ရဲ့ ပူးတွဲ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှစပြီး ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားမှာ ပထမဆုံး ပါဝင်ခဲ့တာဖြစ်ပါတယ်။ သူဟာ ၂၀၀၂ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ငါးဂိုး သွင်းယူခဲ့သူ ဖြစ်ပါတယ်။

### ပြောင်းရွှေ့

တိုက်စစ်မှူးကလိုဆေးဟာ သူ့ရဲ့ ဘောလုံးသမားဘဝအစကို ကျေးလက်ဘောလုံးကလပ်တစ်ခုမှ စတင်ခဲ့တယ်လို့ဆိုပါတယ်။ ကြေးစားဘောလုံးသမား ဖြစ်လာတာကတော့ ကိုင်ဇာစလော့တန်အသင်းနဲ့ စခဲ့တယ်လို့ ဆိုပါတယ်။ ၄င်းဟာ အဲဒီကလပ်မှ ၂၀၀၄ခုနှစ်မှာ ဝါဒါဘရီမင်အသင်းကို ပေါင် ၅သန်းနဲ့ ပြောင်းရွှေ့လာတယ်လို့ ဆိုပါတယ်။ ၂၀၀၇ ခုနှစ် ဇွန်လမှာတော့ ဝါဒါဘရီမင်ကထွက်ပြီး ဘိုင်ယန်မြူးနစ်သို့ ပြောင်းရွှေ့ကစားခဲ့ကြောင်း သိရပါတယ်။ သူဟာ ပြီးခဲ့တဲ့ရာသီက ၂၅ ဂိုးသွင်းခဲ့ပြီး ဂျာမနီ ဘွန်ဒက်စ်လီဂါရဲ့ ဂိုးအများဆုံးသွင်းသူလည်း ဖြစ်လာတယ်လို့ ဆိုပါတယ်။

(အင်တာနက်)

## ကာပယ်လို၊ ရွှန်နေတို့နဲ့ လျှပ်တစ်ပြက် အင်တာဗျူး

မောင်မောင်မြင့်ဆွေ ရေးသားသည်

လန်ဒန် စက်တင်ဘာ ၁၂

**အင်္ဂလန်အသင်းနဲ့ မန်ယူအသင်းတို့ရဲ့ တိုက်စစ်မှူးရွှန်နေဟာ လူမှုရေးပြဿနာတွေဖြစ်ပြီး ဘောလုံးကစားခြင်းမှ ခေတ္တရပ်နားထားခဲ့ရာက အခုဆိုရင်ဘောလုံး ပြန်ကစားနေပြီဖြစ်ပါတယ်။ ရွှန်နေရဲ့ အခြေအနေကြောင့် မန်ယူရော အင်္ဂလန်အသင်းအတွက်ပါ စိုးရိမ်စရာဖြစ်ခဲ့ပေမယ့် အခုဆိုရင် အဲဒီသောကတွေပြေပျောက်သွားအောင် ယူရို ၂၀၁၂ခြေစစ်ပွဲမှာ အင်္ဂလန်အသင်းအတွက် ရွှန်နေပြန်ကစားခဲ့ပြီး ဖြစ်ပါတယ်။**

**ဒါကြောင့်မို့ ပထမဦးဆုံး ရွှန်နေပါဝင်ကစားနိုင်ခြင်းမရှိဘူးလို့ ပြောကြားပြီး ပြန်လည်ထည့်သွင်းကစားခဲ့တဲ့ အင်္ဂလန်နည်းပြကာပယ်လိုနဲ့ တိုက်စစ်မှူးရွှန်နေတို့ကို သတင်းထောက်တွေက အခုလို လျှပ်တစ်ပြက်အင်တာဗျူးခဲ့ကြပါတယ်။**



**သတင်းထောက်။ ။ ဘာဖြစ်လို့ ရွှန်နေကို ပြန်ပြီး ထည့်သွင်းကစားစေခဲ့တာလဲ။**

ကာပယ်လို ။ ။ အင်္ဂလန်အသင်းတိုက်စစ်မှာ ရွှန်နေလိုအပ်ပါတယ်။ ဒီဖိုးခြေစွမ်းပြနိုင်ပေမယ့် ရွှန်နေပါဝင်ရင် ဘောလုံးသမားတွေရဲ့ စိတ်ဓာတ်ပိုင်း မြင့်တက်လာမယ်။ နောက်ပြီး သူကိုယ်တိုင်ကလည်း ကစားဖို့အသင့်ဖြစ်ကြောင်း ကျွန်တော့်ကို ပြောလို့ပါပဲ။

**သတင်းထောက်။ ။ လူမှုရေးတွေ၊ မိသားစုကိစ္စတွေနဲ့ ရှုပ်ထွေးနေချိန်မှာ ဘောလုံးကစားတဲ့ အခါ အာရုံစူးစိုက်မှု အပြည့်အဝ ရှိမယ်လို့ ယုံကြည်စရာရှိခဲ့လို့လား။**

ကာပယ်လို ။ ။ ရှိတာပေါ့။ ရွှန်နေဟာ ဘောလုံးကစားဖို့ မွေးဖွားလာတဲ့သူဖြစ်ပါတယ်။ အားလုံး ခံစားမှုတွေထက် ဘောလုံးနဲ့ ပတ်သက်တဲ့ခံစားမှုက ထိပ်ဆုံးမှာရှိပြီး အပြင်းထန်ဆုံး ဖြစ်တယ်လို့ ယုံကြည်မှုရှိခဲ့လို့ပါပဲ။ ကျွန်တော်သူ့ကို ဖိအားမပေးခဲ့ပါဘူး။ သူ့ဆန္ဒအတိုင်းပါပဲ။

**သတင်းထောက်။ ။ ရွှန်နေအပေါ် အားကိုးမှု အစွန်းရောက်မနေဘူးလား။**

ကာပယ်လို ။ ။ ရောက်စရာမရှိပါဘူး၊ အမှန်တရားကို မျက်ခြည်မပြတ်တာပါ။ နောက်ပြီး ကျွန်တော်က အင်္ဂလန်အသင်း ယူရို ၂၀၁၂ ခြေစစ်ပွဲအောင်ဖို့ အခုအချိန်မှာ အပြင်းပြဆုံး ဆန္ဒပါပဲ။

**သတင်းထောက်။ ။ ရွှန်နေ အချိန်တိုအတွင်း ဘောလုံးပြန်ကစားဖြစ်တာ ဘာကြောင့်ပါလဲ။**

ရွှန်နေ ။ ။ နှစ်ချက်ရှိတယ်။ တစ်ချက်က ကျွန်တော့် မူရင်းစိတ်က ဘောလုံးကစားဖို့အတွက် အမြဲတမ်း စိတ်အား ထက်သန်နေတတ်တာပါပဲ။ ဘောလုံးကစား နေရရင် အားလုံးမေ့နေတတ်တာပါ။ နောက်တစ်ချက်က မိသားစုကြောင့်ပေါ့။ ကျွန်တော်တို့ မိသားစု ပုံမှန်ပြန်ဖြစ်နေပါပြီ။

**သတင်းထောက်။ ။ အခုဖြစ်ပေါ်နေတဲ့ လူမှုရေးကိစ္စသတင်းတွေအပေါ် ဘယ်လိုပြောချင်ပါသလဲ။**

ရွှန်နေ ။ ။ ဘာမှတော့ မရှင်းပြလိုတော့ပါဘူး။ အားလုံးသိတဲ့အတိုင်းပါပဲ။ အခုဆိုရင် ကျွန်တော့် ဇနီးဖြစ်သူ ကောလင်းနဲ့ ကလေးလည်း ပုံမှန်အတိုင်း ပျော်ရွှင်စွာ နေထိုင်နေပါတယ်။

**သတင်းထောက်။ ။ အင်္ဂလန်အသင်းမှာ အရင်က လူမှုရေး ကိစ္စတွေကြောင့် တချို့ ဘောလုံးသမားတွေအပေါ် နည်းပြက အသင်းခေါင်းဆောင် တာဝန်မပေးတော့တာတွေ ရှိခဲ့တယ်။ အဲဒီလိုမျိုးကြုံတွေ့နိုင်ပါသလား။**

ရွှန်နေ ။ ။ အဲဒါက နည်းပြရဲ့ အပိုင်းပါ။ ကျွန်တော်က တိုက်စစ်မှူး တစ်ဦးဆိုတော့ ပွဲကစားရင် ဂိုးဘယ်လိုသွင်းယူရမလဲဆိုတာပဲ စိတ်ထဲရှိနေတာ ဖြစ်ပါတယ်။

**သတင်းထောက်။ ။ အခုအချိန်မှာ ပုံမှန်စိတ်ဓာတ်နဲ့ ပုံမှန်ခြေစွမ်း ပြန်ရနိုင်ပါ့မလား။**

ရွှန်နေ ။ ။ ကျွန်တော့်အနေနဲ့ အခုအချိန်မှာ ကြံ့ခိုင်မှုအပြည့် ရှိနေပါတယ်။ အင်္ဂလန်နဲ့ မန်ယူအသင်းအတွက် ဂိုးတွေအများကြီးသွင်းယူပေးနိုင်မယ်လို့ ယုံကြည်ပါတယ်’’ ဟု ဖြေကြားသွားပါတယ်။



ရွှန်နေဟာ မော်ဒယ်အမျိုးသမီးငယ်တစ်ဦးနဲ့ ငြိစွန်းမှုဖြစ်ခဲ့ပြီး ဇနီးနဲ့ ကလေးငယ် အိမ်ပေါ်ကဆင်းသွားပေမယ့် ယခု ပုံမှန်အနေအထား ပြန်ရောက်ရှိနေပြီ ဖြစ်တာမို့ မန်ယူကလပ်နဲ့ အင်္ဂလန်အသင်းအတွက် ခြေစွမ်းပြကစားပေးလျက်ရှိပါကြောင်း။ ။

(အင်တာနက်)

## တိုက်စစ်မှူး အနယ်လ်ကာ ပြင်သစ်အသင်းမှ အနားယူပြီ

ကောင်းမြတ်သူ စုစည်းသည်

ပါရီ စက်တင်ဘာ ၁၂

ပြင်သစ်တိုက်စစ်မှူး အနယ်လ်ကာသည် နိုင်ငံ့လက်ရွေးစင် ဘောလုံးကစားခြင်းမှ အနားယူလိုက်ပြီဖြစ်ကြောင်း ၄င်းက အတိအလင်း ပြောကြားလိုက်သည်။

တိုက်စစ်မှူး အနယ်လ်ကာသည် ပြီးခဲ့သည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် နည်းပြ ဒေးမွန်းဒိုမီနက်နှင့် စကားများခဲ့ပြီးနောက် ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က ၁၈လကြာ နိုင်ငံ့လက်ရွေးစင်ဘောလုံးကစားခြင်းမှ ပိတ်ပင်လိုက်သည်။



### ဆက်လက်ကစား

မိမိအနေဖြင့် ပြင်သစ်အသင်းသို့ မည်သည့်အခါမှ ပြန်လာတော့မည်မဟုတ်ကြောင်း၊ အပြာရောင် ပြင်သစ်အင်္ကျီကိုလည်း ဝတ်ဆင်ရန် ဆန္ဒမရှိတော့ကြောင်း၊ မိမိသည် ချယ်လ်ဆီးအသင်းမှာသာ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း အသက် ၃၁နှစ်ရှိ တိုက်စစ်မှူး အနယ်လ်ကာက ပြောကြားသည်။

(အင်တာနက်)



## အင်္ဂလန်နည်းပြ ကာပယ်လို ယူရို ၂၀၁၂ ပြီးလျှင် နုတ်ထွက်မည်

လန်ဒန် စက်တင်ဘာ ၁၂

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲပြီးလျှင် အင်္ဂလန်နည်းပြအဖြစ်မှ နုတ်ထွက်မည် ဖြစ်ကြောင်း အင်္ဂလန်နည်းပြ ကာပယ်လိုက အတည်ပြုပြောကြားသည်။

အင်္ဂလန်နည်းပြ ကာပယ်လိုသည် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အင်္ဂလန်အသင်း မအောင်မြင်ခဲ့သည့်နောက် ဖိအားပေးမှုများနှင့် ရင်ဆိုင်နေရသည်။ သို့သော် ယူရို ၂၀၁၂ခြေစစ်ပွဲနှစ်ပွဲကစားခဲ့ပြီး နှစ်ပွဲစလုံး နိုင်ပွဲရထားသဖြင့် ဖိအားပေးခံရမှု သက်သာသွားသည်။

အင်္ဂလန်အသင်းသည် အဓိက ကစားသမားများဖြစ်သည့် အသင်းခေါင်းဆောင် ဖာဒီနန်၊ ဂျွန်တယ်ရီနှင့် လမ်းပတ်တို့မပါခဲ့သော်လည်း ယူရို၂၀၁၂ ခြေစစ်ပွဲတွင် ဘူလ်ဂေးရီးယားနှင့် ဆွစ်ဇာလန်အသင်းတို့ကို အနိုင်ကစား ပြနိုင်ခဲ့သည်။ အင်္ဂလန်တို့ ယူရို၂၀၁၂ ခြေစစ်ပွဲအဖြစ် ပိုလန်၊ယူကရိန်းတို့နှင့် ဆက်လက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

(အင်တာနက်)

## ဘယ်လ်ဂျီယံတင်းနစ်မယ် ကလစ္စတား ယူအက်စ်အိုးပင်းတင်းနစ် သုံးထပ်ကွမ်းချန်ပီယံဖြစ်လာ

နယူးယောက် စက်တင်ဘာ ၁၂

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ယှဉ်ပြိုင်ကစားခဲ့သည့် ယူအက်စ်အိုးပင်းတင်းနစ် ပြိုင်ပွဲတွင်လက်ရှိချန်ပီယံ ကလစ္စတားက ရုရှားတင်းနစ်မယ် ဗီရာဇဗွန်နာရေးဗားအား ၅၉ မိနစ်ကြာကစားပြီးနောက် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။ အသက် ၂၇နှစ်ရှိ ဘယ်လ်ဂျီယံတင်းနစ်မယ် ကလစ္စတားသည် ယင်းပြိုင်ပွဲ ၆-၂၊ ၆-၁ဖြင့်အနိုင်ရခဲ့ခြင်း ဖြစ်သည်။ ကလေးမိခင်ဖြစ်သည့် ကလစ္စတားသည် ယူအက်စ်အိုးပင်းဖလားကို ၂၀၀၅ခုနှစ်ကလည်း ဖလားဆွတ်ခူးနိုင်ခဲ့သည်။ ၄င်းသည် ၂၀၀၉ခုနှစ်တွင်လည်း ဖလားဆွတ်ခူးနိုင်ခဲ့သဖြင့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ သုံးထပ်ကွမ်းချန်ပီယံဖြစ်လာသည်။ **(အပေါ်ပုံ)**

(အင်တာနက်)

13-9 (13).pmd 1 9/13/2010, 1:54 AM

# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ရွှေကူမြို့နယ်၌ဖွင့်လှစ်

ရွှေကူ စက်တင်ဘာ ၁၁

**ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းကို စက်တင်ဘာ ၈ရက် နံနက် ၁၀ နာရီက ရွှေကူမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းဖေက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။**

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးညိုဝင်းက ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေတို့ကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်လှမိုင်က မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းညွှန်ကြားချက်များကိုလည်းကောင်း၊ မြို့နယ်စာရင်းစစ်အရာရှိ ဒေါ်သန်းသန်းဌေးက မဲရုံမှူးများ ရေးသွင်းရမည့်ပုံစံများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသော ရပ်ကွက်၊ ကျေးရွာအုပ်စု အသီးသီး၏ မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များက မရှင်းလင်းသည့် အချက်အလက်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**ရှင်းလင်းဆွေးနွေး**

အဆိုပါအခမ်းအနားသို့ မြို့ပေါ် ရပ်ကွက် (၄)ရပ်ကွက်မှ ၂၄ဦးနှင့် တောပုန်းကျေးရွာအုပ်စု၊ ရွှေဘုံသာအုပ်စု၊ တိန်းဟွန်းကျေးရွာအုပ်စု၊ သရက်ကုန်းကျေးရွာ အုပ်စု၊ ဆိပ်သာကျေးရွာအုပ်စု၊ ကျောက်ကြီးကျေးရွာအုပ်စု၊ နောင်လတ်ကြီး ကျေးရွာအုပ်စု၊ ငါးဘတ်ကြီးကျေးရွာ အုပ်စုနှင့် ပန်းတင်ကျေးရွာအုပ်စုမှမဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင် ၂၄၆ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ကော်မရှင်အဖွဲ့ခွဲ)





# မဂ္ဂဇင်းထုတ်ဝေရေးအတွက် ငွေလှူ

**ရန်ကုန် စက်တင်ဘာ ၁၂**

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)တည်ထောင်ခြင်း နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံကျော်စာရေးဆရာကြီး ဆရာမကြီးများ၏ လက်ရာဖြင့် မဂ္ဂဇင်းထုတ်ဝေရေးအတွက် ဩဂုတ် ၃၁ရက်က ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတံသောင်းမှတစ်ဆင့် ရောင်စုံကမ္ဘာ့ဓာတ်ပုံလုပ်ငန်းက ငွေကျပ်တစ်သိန်း၊ Global ပဲဆီသန့်လုပ်ငန်းမှ ငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ် နှစ်သိန်းပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁ရက်က တာမွေမြို့နယ် ညောင်ဦးဖိုးချိုနေအိမ်၌ကျင်းပရာ အလှူရှင်များကိုယ်စားအသင်း တွဲဖက်အတွင်းရေးမှူး ဦးပေါ်များကပေးအပ်ပြီး အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်၊ မဂ္ဂဇင်း ကော်မတီ ဒုတိယဥက္ကဋ္ဌ မဂ္ဂဇင်းတွဲဖက်တာဝန်ခံအယ်ဒီတာ ဦးစိုးဝင်း(သတင်းထောက် စဥ့်ကူစိုးဝင်း)၊ ဦးဖိုးချို(ညောင်ဦးဖိုးချို)နှင့် ဘဏ္ဍာရေးမှူးဦးသာထွေးတို့က လက်ခံယူကြသည်။ **(အပေါ်ပုံ)**

မဂ္ဂဇင်းအုပ်ရေ ၃၀၀၀ထုတ်ဝေရန် စီစဥ်ထားရာ ညှပ်ဖောင်ထည့်သွင်းလို သူများသည် ညောင်ဦးဖိုးချို ဖုန်း-၅၄၅၃၂၃ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(၁၁၃)

# ကွင်းဆင်းစစ်ဆေး

**ကံမမြို့နယ် မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် လျှပ်စစ်ကြိုးများ သွယ်တန်းထားရှိမှု၊ ဈေးဆိုင်ခန်းများအတွင်း မီးသုံးစွဲမှုနှင့် မီးဘေးကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများထားရှိမှု၊ ရေကန်များ ရေဖြည့်တင်းထားရှိမှု၊ မီးသတ်ရေတိုင်ငုတ်များ ထားရှိမှုတို့ကို ဩဂုတ် ၂၂ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ အမှုဆောင်အရာရှိ ဦးသိန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲအုပ် ဦးနေထွန်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)



# ယာဥ်မောင်းသူများမွမ်းမံသင်တန်း သီပေါ၌ဖွင့်

**သီပေါ စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ယာဥ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင်သူများအတွက် ယာဥ်မောင်း မွမ်းမံသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၈ရက် နံနက် ၁၀နာရီက သီပေါမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျောက်မဲခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးဆန်းယု **(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး ခရိုင်ယာဥ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီဝင် ရဲအုပ်သိန်းဆွေနှင့် ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန စစ်ဆေးရေးမှူး (၂) ဦးသောင်းစိန်တို့က ယာဥ်စည်းကမ်း၊ လမ်းစည်းကမ်း သိကောင်းစရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောကြသည်။

**ဖွင့်လှစ်**

အဆိုပါသင်တန်းသည် ယာဥ်မောင်းတတ်ပြီး ယာဥ်မောင်းလိုင်စင်ရလိုသူများအတွက် ဖွင့်လှစ်သည့် မွမ်းမံသင်တန်းဖြစ်ပြီး ယာဥ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပိုမိုလိုက်နာကျင့်သုံးရေး၊ လမ်းများပေါ်တွင် စည်းကမ်းတကျသွားလာရေးနှင့် လမ်းအန္တရာယ်များ လျှော့နည်းပပျောက်ရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း သိရသည်။ (၀၂၀)

# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင်များ CAFEO-28 သို့ တက်ရောက်ရန် စာရင်းပေးသွင်းနိုင်

**ရန်ကုန် စက်တင်ဘာ ၁၂**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် နိုဝင်ဘာ ၃၀ရက်မှ ဒီဇင်ဘာ ၄ရက်အထိ ကျင်းပမည့် (၂၈)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံ (28th Conference of the ASEAN Federation of Engineering Organization-CAFEO-28) သို့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တက်ရောက်မည် ဖြစ်သည်။

အဆိုပါ ညီလာခံသို့ လိုက်ပါတက်ရောက်လိုသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင်များသည် ရန်ကုန်မြို့ (လှိုင်မြို့နယ်)တက္ကသိုလ်များ လှိုင်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ စက်တင်ဘာ ၁၇ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း အသေးစိတ်သိလိုပါက ဖုန်း-၅၁၉၈၅၄၊၅၁၉၆၇၆ (လိုင်းခွဲအမှတ်-၂၀၅)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# မြို့နယ် သတင်း ထွေတလာ

**သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောက်လုပ်ခဲ့သောသထုံအပိုင်းအမှတ်(၂) ခရိုင်ချင်းဆက်လမ်းပိုင်းရှိ လမ်းနှင့်တံတားများကြံ့ခိုင်မှုကို စက်တင်ဘာ ၅ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်တို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



# ဘိန်းစိုက်ပျိုးမှု တားဆီးကာကွယ်ရေးဆောင်ရွက်

**ကျိုင်းတုံ စက်တင်ဘာ ၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျိုင်းတုံမူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒေသဆိုင်ရာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များနှင့်အတူ ပြည်သူများအတွင်း ကွင်းဆင်း၍ ဘိန်းမစိုက်ပျိုးရေးနှင့် ဘိန်းမျိုးစေ့များ အပ်နှံရေးအတွက် ပညာပေးဟောပြော စည်းရုံးဆောင်ရွက်လျက်ရှိရာ ဩဂုတ်လအတွင်းက ကျိုင်းတုံခရိုင်၊ မိုင်းဖြတ်ခရိုင်နှင့် မိုင်းခတ်၊ မိုင်းပျဉ်းမြို့နယ်များတွင် **(အောက်ပုံ)** ကွင်းဆင်း စည်းရုံးဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(ပြည်နယ် မြန်/ဆက်)**



# မော်လမြိုင်မြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနားကျင်းပ

မော်လမြိုင် စက်တင်ဘာ ၁၁

**၂၀၁၀ ခုနှစ် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၃ရက်က မော်လမြိုင်မြို့ရှိ ရာမညအားကစားပြိုင်ကွင်း၌ ကျင်းပပြီး ရှေးဦးစွာ ဖက်တန်းရပ်ကွက်အသင်းနှင့် လှိုင်ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဖက်တန်းရပ်ကွက်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။**

ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မွန်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ မော်လမြိုင်ခရိုင် အား/ကာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်အား/ကာဦးစီးအရာရှိ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဆန်းမြင့်က အနိုင်ရဗိုလ်စွဲသွားသည့် ဖက်တန်းရပ်ကွက်အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ပြီး **(အပေါ်ပုံ)** ဆုရရှိသောအသင်းများနှင့် အကောင်းဆုံးအားကစားသမားဆုရ အားကစားသမားများအား မွန်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်ဆွေနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

**ပါဝင်ယှဉ်ပြိုင်**

အဆိုပါ ပြိုင်ပွဲသို့ ရပ်ကွက်နှင့် ကျေးရွာတို့မှ ဘောလုံးအသင်း ၃၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

(၀၁၄)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့ Bada Ling ဒေသရှိ မဟာတံတိုင်းကြီးသို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၁၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့်ဇနီး၊ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပို လိုက်ပါလျက် စက်တင်ဘာ ၉ရက် နံနက် ၈နာရီ ၁၀မိနစ်တွင် ခေတ္တတည်းခိုသည့် *စာမျက်နှာ ၈ ကော်လံ ၁* ●

## ကြည့်ရှုလေ့လာ

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ပေကျင်းမြို့ Bada Ling ဒေသရှိ Great Wall မဟာတံတိုင်းကြီး တည်ဆောက်ထားမှုများကို ကြည့်ရှုလေ့လာကြစဉ်။**
(သတင်းစဉ်)

